ပဋ္ဌိတာနဉ္စ သေဝနာ ဧတံမင်္ဂလမုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၀)၊ အမှတ်(၁၅၆)

ပြည်ထောင်စုစိတ်ဓာတ်နှင့်အချုပ်အခြာအာဏာ

ယနေ့ နိုင်ငံတကာအခြေအနေကို လေ့လာကြည့်မည်ဆိုလျှင် အင်အားကြီးသည့် နိုင်ငံကြီးအချို့သည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေကြသည်ကို တွေ့ရမှာဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် ပျက်ပြားလာသည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါ ပြိုကွဲပြီး အချုပ်အခြာအာဏာပါ ဆုံးရှုံးနိုင်သည်ကို သတိချပ်ရမည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်း တိုင်းရင်းသား လူမျိုးအချင်းချင်း မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်း နေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင် ဖြစ်သည်။ ရောက်ရာဒေသ၊ ကျရာတာဝန်ထမ်းဆောင်ကြသည့်အခါတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေးအတွက် အလေးထားလုပ်ဆောင်ကြရန် မှာကြားလိုသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့

တိုင်းရင်းသားပြည်သူအပေါင်းသည် ရရှိပြီးသော အေးချမ်းသာယာမှု၊ နိုင်ငံရေးတည်ငြိမ်မှုနှင့်တကွ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မပျက်ဘဲ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ သိမ်မွေ့ညင်သာ ကြည်သာရွှင်ပျစွာ ကူးပြောင်းရောက်ရှိလိုသော ဆန္ဒအပြည့်ရှိကြသည်။

နိုင်ငံတော်၌ မည်သည့်စနစ်ကိုကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လိုအပ် ပြည်ထောင်စုသားအားလုံး၏အကျိုးစီးပွားကို အစဉ်ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့်ဥပဒေဖြစ်ရမည် အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံတော်အတွက်အသက်တမျှအရေးကြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ယနေ့နံနက် ၇ နာရီတွင် မန္တလေးတိုင်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း(၃၀)(လမ်း၇၀နှင့် ၇၁လမ်းကြား)ရှိ ဗထူးအားကစားကွင်း၌ တစ်ခဲနက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။(အောက်ပုံ)

ပြည်သူ့လူထု၏ကြွေးကြော်သံများ

* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ဖော်ဆောင်ရေး
အောင်ရမည်၊ အောင်ရမည်

* အမျိုးသားညီလာခံကျင်းပရေး
အောင်ရမည်၊ အောင်ရမည်

* ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး
အောင်ရမည်၊ အောင်ရမည်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) အသင်းဝင်များ၊ မန္တလေးဓာတ်ပုံအသင်းဝင်များ၊ တိုင်းရင်းဆေးဆရာများ အသင်းဝင်များ၊ ဟိုတယ်မိုတယ်လုပ်ငန်းရှင်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဝင်များ၊ ဆန်စက်လုပ်ငန်းရှင်များ အသင်းဝင်များ၊ ဆန်ကုန်သည်များ အသင်းဝင်များ၊ ဗီဒီယိုအခြေခံ အဖွဲ့ဝင်များ၊ မန္တလေးမြို့ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဝင်များနှင့် မော်တော်ယာဉ်လုပ်သားများ၊ သူနာပြုသင်တန်းသူများ၊ စက်ရုံ အလုပ်ရုံ ရုံးဌာနများမှ ဝန်ထမ်းများ၊ မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံ မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ တောင်သူလယ်သမားများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၁၅၅၀၀ ကျော်တို့ တစ်ခဲနက် တက်ရောက်ကြသည်။ ***ကျော်ဖုံးသို့***



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အမျိုးသားနိုင်ငံရေးအဖြစ်ခံယူ ဖွံ့ဖြိုးရေးလမ်းကြောင်းမှန်ကို ပျက်စီးကြောင်း ကြံဆောင်သူများအား ဖော်ထုတ်ဖယ်ရှား

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် (၁၆၁)စင်းမြောက် ကွင်းချောင်းတံတားဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၁ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးပြီး အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

"ဤကဲ့သို့ ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်အရည်အချင်းများဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသည့်နိုင်ငံတော်ကြီးကို ရည်မှန်းချက်ရှိရှိ ကြိုးကြိုးစားစား တည်ဆောက် အောင်မြင်နေချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအလားအလာကောင်းများနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာမှုများကို ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်လာသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို သတိထားကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းအစီအစဉ်များကို အမျိုးသားနိုင်ငံရေးအစီအစဉ်များအဖြစ် ခံယူပြီး လမ်းကြောင်းမှန်အတိုင်း တက်ညီလက်ညီ ပူးပေါင်းချီတက် သွားကြရမည်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

ကွင်းချောင်းတံတားသည် နိုင်ငံတော်၏ အဓိကအရေးပါသည့် ရန်ကုန်–မန္တလေးလမ်းမကြီးပေါ်၌ တည်ရှိသော တံတားတစ်စင်းဖြစ်သည်။ တံတားအရှည်ပေ ၃၀၀ ရှိပြီး တန် ၆၀ ရှိသည့် ယာဉ်များ လုံခြုံလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်အောင် ကွင်းချောင်းကိုဖြတ်ပြီး တည်ဆောက်ထားသည်။ ယခု ကွင်းချောင်းတံတားအပြင် ရန်ကုန်–မန္တလေးလမ်းပေါ်၌ အသစ်တိုးချဲ့တည်ဆောက်ခဲ့သည့် တံတားများကို ကြည့်လျှင် ဘိုင်းဒါးတံတား၊ ကတုတ်တံတား၊ ကောလိယတံတား၊ ရဲန္တယ်တံတား၊ ဖြူးတံတား၊ ခပေါင်းတံတား၊ ပဲခူးမြို့တွင်း မြစ်ကူးတံတားနှင့် ကျောက်ဆည် ဇော်ဂျီတံတားတို့ ဖြစ်သည်။

ရန်ကုန်–မန္တလေးလမ်းမကြီးသည် ကုန်စည်စီးဆင်းမှုနှင့် ပြည်သူအများသွားလာမှု အများဆုံးဖြစ်သည့် နိုင်ငံတော်၏ အသက်သွေးကြော လမ်းမကြီး ဖြစ်သည်။ ဤလမ်းမကြီးကို ခေတ်မီခြောက်လမ်းသွား လမ်းမကြီးအဖြစ် မြန်မြန်ဆန်ဆန် ပီပီပြင်ပြင်တည်ဆောက်နိုင်ရေး၊ လမ်းမကြီးအဖြစ် တည်ဆောက်နေစဉ်ကာလအတွင်း မူလလမ်းအခြေအနေ အဆင့်မြင့်တိုးတက်ကောင်းမွန်ပြီး သွားလာကူးသန်းမှု အဆက်မပြတ်စေရေးအတွက် ရွှေသံလွင်၊ အိုလံပစ်၊ ကမ္ဘောဇ၊ ဒဂုံအင်တာနေရှင်နယ်၊ အေးရှားဝေါလ်၊ ယုဇနကုမ္ပဏီနှင့် ဟုန်ပန်းကုမ္ပဏီတို့ကို လမ်းတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကို အပိုင်းလိုက် ခွဲခြားတာဝန် ပေးထားပြီးဖြစ်သည်။ ယင်းကုမ္ပဏီ ခုနစ်ဖွဲ့သည် ရန်ကုန်–မန္တလေးလမ်းမကြီးများ၊ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် လုပ်ကိုင်နေကြပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ထူထောင်ရာ၌ စီးပွားရေးအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်နေရသကဲ့သို့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ကို အထောက်အကူပြုနေသည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း ပြည့်စုံကောင်းမွန်လာအောင် ကြိုးပမ်းလုပ်ဆောင်နေပေသည်။

တိုင်းပြည်၏ စီးပွားရေးတွင် အခြေခံအားထားရသည့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာအောင် လိုအပ်သည့် နေရာဒေသများ၌ ဖြစ်နိုင်သည့် အခြေအနေများပေါ် တွက်ချက်ပြီး ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ ရေထိန်းတံခါးများကို တစ်ခုပြီးတစ်ခု တည်ဆောက်ပေးနေသကဲ့သို့ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးလာအောင် ပုဂ္ဂလိကစက်မှုကဏ္ဍ၏ အရည်အသွေးအဆင့်အတန်း တိုးတက်လာအောင် စက်မှုဇုန်များထူထောင်ပြီး အားပေးလုပ်ကိုင်ပျိုးထောင်လျက်ရှိသည်။ တိုင်းပြည်၏ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ စသည့် စီးပွားရေးကဏ္ဍများ ဘက်စုံတိုးတက်လာအောင် ဘက်စုံပြုပြင်တည်ဆောက်မှုများကို ပြုလုပ်လျက်ရှိပြီး တစ်ချိန်တည်းမှာပင် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင်လည်း ထက်မြက်ထူးချွန်သည့် နိုင်ငံသားများ မွေးထုတ်နိုင်အောင်၊ အသက်ရှည်ပြီး ကျန်းမာသန်စွမ်းသည့် နိုင်ငံသားများဖြစ်လာအောင် လိုအပ်သည့် လူမှုရေးအခြေခံ အဆောက်အအုံများဖြစ်သော တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများကိုလည်း တိုးချဲ့တည်ဆောက်ပေးနေပေသည်။

ဤကဲ့သို့ တိုးတက်အောင်မြင်မှု လမ်းကြောင်းပေါ်ရောက်နေသည့် အချိန်ကာလတွင် မိမိတို့အားလုံးသည် မိမိပြည်တွင်း၏ စည်းလုံးညီညွတ်မှု အင်အား၊ ဤအင်အား၏ ဖန်တီးနိုင်သည့်စွမ်းအားတို့အပေါ် ခိုင်ခိုင်မာမာ ယုံကြည်ရပ်တည်ပြီး အလုပ်ကို အားစိုက်ခွန်စိုက် ဆက်လက်ကြိုးပမ်းကြရန်လိုအပ်ပေသည်။

ပြည်ပကိုမျှော်ပြီး ပြည်ပကိုအားကိုးနေမည်ဆိုလျှင် နိုင်ငံတော်သည် ပြည်ပနိုင်ငံများ၏ နောက်မြီးဆွဲနိုင်ငံဘဝ၊ အချုပ်အနှောင်ခံရသည့် နိုင်ငံဘဝ သက်ဆင်းပြီး ရှေ့ကိုတိုးတက်ရမည့် အလားအလာကောင်းများ ပျက်စီးဆုံးရှုံးနိုင်သည်ဆိုသည့် ခါးသီးသော သင်ခန်းစာများကို နိုင်ငံတကာဖြစ်ရပ်များက လက်တွေ့မျက်မြင် ပြဆိုလျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားနိုင်ငံရေးအဖြစ်ခံယူပြီး ဖွံ့ဖြိုးရေးလမ်းကြောင်း မှန်ကို ပျက်စီးရာပျက်စီးကြောင်း ကြံဆောင်သူများအား ဖော်ထုတ်ဖယ်ရှားသွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ညောင်ရွှေမြို့နယ်အတွင်းရှိ ငါးသားဖောက်စခန်းများ ဒုတိယဝန်ကြီး ဦးအောင်သိန်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၂

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းသည် စက်တင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေ မြို့နယ်ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ နန်းသီတာအမှတ်(၂) မွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ကြက်မွေးမြူထားရှိမှုအခြေအနေနှင့် မျိုးကြက်ဥ စမ်းသပ်ဖောက်လုပ်မှု၊ ငါးမွေးမြူမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းစစ်ဌာနချုပ်၏ နန်းသီတာအမှတ်(၁) စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းသို့ သွားရောက်ကာ သင်တန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးညောင်ရွှေမြို့နယ်အတွင်း ပုဂ္ဂလိက ငါးသားဖောက်စခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဒုတိယဝန်ကြီးက မွေးမြူရေး နှင့်ရေလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား မွေးမြူရေးဧည့်ရိပ်သာတွင် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဧည့်ရိပ်သာ၌ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ရှမ်းပြည်နယ်)မှ အလုပ် အမှုဆောင်များနှင့်တွေ့ဆုံ၍ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကနှင့် အစိုးရဌာန အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုရားကျောင်းဆောင်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၂

ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ဆဋ္ဌမတန်း(F)မှ ကျောင်းသူ မအေးထက်ထက်ပိုင်၏(၁၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေတောင်စွန်းဗုဒ္ဓတစ်ထောင်သာသနာပြုမိသားစုက ကြာဆံချက်အာဟာရ ကျွေးမွေးခြင်းနှင့် စတုတ္ထအကြိမ် ဘုရားကျောင်းဆောင်လှူဒါန်းပွဲကို စက်တင်ဘာ ၁၈ ရက်က အဆိုပါ ကျောင်း၌ ကျင်းပကြောင်း သိရသည်။ **(က–ပ)**

စီးပွားရေးလုပ်ငန်းများဆိုင်ရာဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးမစ်ရှင်အဖွဲ့(Korea Trade Mission) နှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲ (Business Meeting Between Korea Trade Mission & Myanmar Entrepreneurs)ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Lee Kyung-Wooနှင့် စီးပွားရေးသံမှူး Mr. Choi Yoon-Tae၊ ကိုရီးယားသမ္မတနိုင်ငံမှ ကုမ္ပဏီငါးခုနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၃၀ တို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံက ထုတ်လုပ်သောဆေးရုံသုံးပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ဂီတပညာဆိုင်ရာ ပစ္စည်းများနှင့်စပ်လျဉ်း၍ နှစ်ဖက်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက အစုအဖွဲ့လိုက်ခွဲ၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၂

ကွန်ပျူတာလေ့လာလိုသူများအတွက် တစ်နေရာတည်းတွင် အခြေခံမှ Professional ဖြစ်သည်အထိ အကောင်းဆုံးနှင့် အပြည့်စုံဆုံး သင်ကြားပေးလျက်ရှိသော Youth Computer Centreက ကွန်ပျူတာအခြေခံ (Windows˚XP Application)၊ စာစီ၊ စာရိုက် (DTP&Design)၊ ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်း(Digital Graphics Design)၊ ကွန်ပျူတာအထူးပြုလုပ်ချက်နှင့် ဗီဒီယိုတည်းဖြတ်(Video Editing & Special Effects)၊ ကွန်ပျူတာစာရင်းကိုင်(Computerised Accounting)၊ ကွန်ပျူတာကို လုပ်ငန်းအသစ်များသင်ပေးခြင်း (Programming, C&C++, Visual Basic)၊ ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းခြင်း (A+,H/W Maintenance & Sys Admin)၊ ကွန်ရက်တပ်ဆင်ခြင်း (Computer Networking)၊ အင်ဂျင်နီယာပုံများရေးဆွဲခြင်း (Engineering Drawing)၊ ကွန်ပျူတာဂီတသံစဉ်များဖန်တီးခြင်း(Music Production)သင်တန်းများကို လစဉ်ဖွင့်လှစ်လျက်ရှိသည်။

ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းနှင့် Program များရေးဆွဲခြင်းသင်တန်းကို စက်တင်ဘာ ၂၄ရက်၊ ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်းနှင့် ကွန်ရက်တပ်ဆင်ခြင်းသင်တန်းကို စက်တင်ဘာ ၂၈ရက်၊ တေးဂီတသံစဉ်များဖန်တီးမှုသင်တန်းကို စက်တင်ဘာ ၂၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ Centre I အမှတ်၃၀၇၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးသစ်အနီး၊ တာမွေ၊ ဖုန်း–၇၁၀၄၅၃၊ ၀၉–၅၀၀၃၅၉၆နှင့် Centre II အမှတ်၁၀၃၊ ဒုတိယထပ်၊ ၄၃လမ်း(အလယ်)၊ ဗိုလ်တထောင်၊ ဖုန်း–၂၀၀၀၄၄ သို့ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရန်အောင်မြင်ဓမ္မာရုံတွင် ဆွမ်းလောင်းလှူမည်

ရန်ကုန် စက်တင်ဘာ ၂၂

သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ရန်အောင်မြင် ဓမ္မာရုံကြီးတွင် ဝါတွင်းသုံးလ ဆွမ်းလောင်းလှူလျက်ရှိရာ သာကေတ-ဒေါပုံမြို့နယ်များတွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော် အရှင်မြတ်များအား သီတင်းကျွတ်လဆန်း ၁၀ ရက် အောက်တိုဘာ ၅ရက် (စနေနေ့) နံနက်တွင် ဆွမ်းအောင်ပွဲအဖြစ် ဆွမ်းလောင်းလှူကြမည်ဟု သိရသည်။

(က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်ဒိုနီးရှားသမ္မတ၏အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas အား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ် H.E. °Mr.°Ali Alatasနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Wyoso Prodijowarsito လည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၉-၂၀၀၃
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်(မြန်မာမှု)
(ခ)ပထမနှစ်(ဒဿနိကဗေဒ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည်"
(အပိုင်း-၁၇)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"သူငယ်ချင်းသုံးဖော်"
(အပိုင်း-၂၀)

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်ပြိုင်ပွဲများဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၃ ခုနှစ် (၁၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်နယ်ဗုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု (ရတခ)ဗုန် မော်လမြိုင်မြို့၌ ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု(နမခ) ဗုန် မုံရွာမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး (ဃ)အုပ်စု (လပခ)ဗုန် မန္တလေးမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့ ဂိုးမရှိ သရေပွဲဖြစ်ပြီး (င)အုပ်စု (တပခ)ဗုန် တောင်ငူမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းတို့သည်လည်း တစ်ဂိုးစီ သရေပွဲဖြစ်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စာနှင့်စကားပြောသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၂

အလုပ်ခွင်ဝင်လိုသူများ၊ အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ် တတ်ကျွမ်းလိုသူများအတွက် ဆရာအာသာနှင့် အင်္ဂလိပ်စာဘွဲ့ရ ဆရာများက Communication Method နှင့်လေ့ကျင့်သင်ကြားပေးမည့် အခြေခံအင်္ဂလိပ် စကားပြောသင်တန်းများ၊ Intermediate Level အဆင့်မြင့်ရေး၊ ဖတ်၊ပြောနှင့် နားထောင်တတ်စေမည့် General English သင်တန်းများကို စက်တင်ဘာ ၂၂၊ အောက်တိုဘာ ၆၊ ၇၊ ၁၆၊ ၂၅ ရက်များတွင် စတင် ဖွင့်လှစ်မည်ဖြစ်သည်။

ကျောင်းသားဟောင်းများအတွက် ရေရှည်လေ့ကျင့်နိုင်ရန် ဖွင့်လှစ်ထားသည့် English Language Club ၏ Mini Library မှစာအုပ်များကို အခမဲ့ ငှားရမ်းလေ့ကျင့်ခွင့်ရရှိမည်ဖြစ်ရာ တက်ရောက်လိုသူများသည် Success Language Academy အမှတ်၄၅၇၊ (တတိယထပ်)၊ ကုန်သည်လမ်း၊ ဘိုကလေးဈေးလမ်းထောင့်၊ ဂမုန်းပွင့်ကုန်တိုက်ရှေ့၊ ဖုန်း-၂၉၅၇၂၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၉-၂၀၀၃ (အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း အမျိုးသားရေးအင်အားစု (အိရွှေစင်မင်း)
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ဖောင်းကတောရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar Made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ ၂၀၀၃ ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၁၇:၄၅ ၈။ ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၅၅ ၉။ ဆိုကြမယ် ပျော်ကြမယ် နှိုင်းတုမရှိမြင့်မြတ်ပါသည့်ကြယ်စင်(မြန်မာနိုင်ငံဂီတအစည်းအရုံးသင်တန်းသား/သူများ)
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ Milo Success In Soccer
၁၉:၁၀ ၁၃။ ၂၀၀၃ ခုနှစ် ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ တီးပြိုင်ပွဲဆွေးနွေးခန်း(အကပြိုင်ပွဲ)
၁၉:၃၅ ၁၄။ ကြေးမုံရိပ်သွင် တေးနှယ်ဉ်
၁၉:၄၅ ၁၅။ (၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံအကြို
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟိုတယ်ချစ်သူ"**(အပိုင်း-၁၆)
၂၀။ Calcio Serie A Highlight

နိုင်ငံခြား သတင်းများ

အီရတ်ပြည်သူများအား အချုပ်အခြာအာဏာ မည်သို့ပြန်ပေးမည်ကို ဥရောပတိုက်၏ အင်အားအကြီးဆုံးသုံးနိုင်ငံ သဘောမတူကြသေး

ဘာလင် စက်တင်ဘာ ၂၂

ဥရောပတိုက်၏ အင်အားအကြီးဆုံးသုံးနိုင်ငံသည် အီရတ်ကိစ္စနှင့်ပတ်သက်၍ ၎င်းတို့၏ စိတ်ဝမ်းကွဲမှုကို ပြုပြင်ဖာထေးရန် စနေနေ့က ကြိုးစားခဲ့ကြသော်လည်း အီရတ်ပြည်သူများအား အချုပ်အခြာအာဏာကို အမေရိကန်ပြည်ထောင်စုက မည်သို့ မြန်မြန်ထက်ထက်ပြန်ပေးမည်ဆိုခြင်းအပေါ် သဘောမတူခဲ့ကြဟု သိရသည်။

မိမိတို့၏ သဘောထားအမြင်များမှာ အတော်အသင့် မတူညီကြကြောင်း ဂျာမန်ဝန်ကြီးချုပ် ဂါဟာဒ်ရှရိုးဒါး၊ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့နှင့် ဘာလင်ထိပ်သီးအစည်းအဝေးကျင်းပအပြီးတွင် ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောဆိုသည်။

နည်းစနစ်ပိုင်းဆိုင်ရာနှင့် အချိန်ပိုင်းဆိုင်ရာတို့တွင် မိမိတို့ ပြည့်ပြည့်ဝဝ သဘောတူချက်မရကြသေးကြောင်း ဂျက်ရှီရက်က ဆက်လက်ပြောဆိုသည်။ ရှီရက်နှင့် ရှရိုးဒါးတို့သည် ဆက်ဒမ်ဟူစိန်ဖြုတ်ချရန် အမေရိကန်ဦးဆောင်ဆင်နွှဲသည့် အီရတ်စစ်ကို အပြင်းအထန် ဆန့်ကျင်ခဲ့ကြပြီး ယခုအခါ ကုလသမဂ္ဂအတွက် ဩဇာရှိသော အခန်းကဏ္ဍပိုပေးရန်နှင့် အီရတ်ပြည်သူများအား မြန်မြန်ထက်ထက် အာဏာလွှဲပေးရန် ဆန္ဒရှိနေကြသည်။

ကုလသမဂ္ဂကို ပိုမိုကြီးမားသော အခန်းကဏ္ဍပေးရန်မှာ အရေးကြီးကြောင်း ရှရိုးဒါးက ပြောဆိုပြီး ပြင်သစ်သမ္မတ ရှီရက်က ယခုအခါ အမေရိကန်အုပ်ချုပ်ထားသည့် အီရတ်နိုင်ငံသည် လပိုင်းအတွင်း အချုပ်အခြာအာဏာပြန်ရရမည်ဟု ပြင်သစ်၏သဘောထားကို ထပ်မံပြောဆိုခဲ့သည်။

(အင်တာနက်)

စက်တင်ဘာ ၂၀ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်၌ အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်နှစ်ဦးအား ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အခြေအနေ သမ္မတဘုရှ်ကိုင်တွယ်ဆောင်ရွက်မှုထောက်ခံနှုန်းကျ ဒုတိယသက်တမ်း ဘုရှ်ပြန်အရွေးခံရမည်ကို မမြင်လိုကြ

ဝါရှင်တန် စက်တင်ဘာ ၂၁

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အီရတ်အခြေအနေကိုင်တွယ်မှုနှင့်ဆိုင်သော ထောက်ခံနှုန်းသည် ၅၀ ရာခိုင်နှုန်းအောက်၊ ၄၆ ရာခိုင်နှုန်းအထိ နယူးစ်ဝိခ်၏ သဘောထားစစ်တမ်းတွင် ပထမဆုံးအကြိမ် ကျဆင်းသွားခဲ့သည်။

စနေနေ့က ထုတ်ပြန်သော လူထုသဘောထားစစ်တမ်း၌ အီရတ်ဆိုင်ရာ အမေရိကန်သမ္မတ၏ ထောက်ခံအတည်ပြုချက်နှုန်းထားမှာ စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်က ပြုလုပ်ခဲ့သော လူထုသဘောထားစစ်တမ်းနှင့် နှိုင်းယှဉ်လျှင် ၅ ရာခိုင်နှုန်း အမှတ်ပြည့် လျော့ကျသွားသည်ကို တွေ့ရသည်။

သဘောထားဆန္ဒ ကောက်ယူသူအားလုံး၏ ၅၆ ရာခိုင်နှုန်းက အီရတ်စစ်ပြီးကာလ ဘုရှ်အစိုးရ၏ အသုံးစရိတ်သည် အလွန်များကြောင်း ပြောဆိုကြသည်။ ယခုအခါ ဘုရှ်၏ ဘက်ပေါင်းစုံ ထောက်ခံအတည်ပြုနှုန်းထားမှာ ၅၁ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။

သဘောထားကောက်ယူသူများ၏ ၅၀ ရာခိုင်နှုန်းက အိမ်ဖြူတွင် ဒုတိယသက်တမ်းအတွက် ဘုရှ် ပြန်အရွေးခံရသည်ကို မမြင်လိုကြောင်း လူထုဆန္ဒသဘောထားကောက်ယူချက်၌ တွေ့ရှိရသည်။

(အင်တာနက်)

အိုဇုန်းလွှာ အပေါက်အကျယ်အဝန်းပမာဏ ရုရှားနိုင်ငံအရွယ်အစားထက် ပိုမိုကြီးမား

နယူးယောက် စက်တင်ဘာ ၂၁

အန္တာတိက တိုက်အပေါ်ရှိ အိုဇုန်းလွှာအပေါက်သည် ၂၈ စတုရန်းမီတာသန်း အကျယ်ပမာဏသို့ စံချိန်တင်ရောက်ရှိနေကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုက ပြောကြားလိုက်သည်။

၎င်းပမာဏသည် ရုရှားနိုင်ငံအရွယ်အစားထက် ပိုမိုကြီးမားကာ ယမန်နှစ်က ယခုအချိန်၌ရှိနေသော အိုဇုန်းလွှာအပေါက်အရွယ်အစားထက် ပိုမိုကျယ်ပြန့်လာခြင်းဖြစ်သည်။ အိုဇုန်းလွှာ ပါးလွှာမှုကို ဖြစ်ပေါ်စေသော ဓာတ်ငွေ့များ ထုတ်လွှင့်မှုကိုလျှော့ချရန် ကြိုးပမ်းမှုများ ဆောင်ရွက်နေသော်လည်း လာမည့်နှစ်များအတွင်း အိုဇုန်းလွှာရှိ အပေါက်ပမာဏကျယ်ပြန့်လာခြင်း ရှိမရှိနှင့် ကျုံ့သွားခြင်း ရှိမရှိ မခန့်မှန်းနိုင်သေးကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့ကြသည်။

(စီအင်န်အင်န်)

အီရတ်စစ်ပွဲစသည်မှ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၃၀၄ ဦး ရှိပြီ တိုက်ပွဲ၌ ၁၂၇၅ ဦး ဒဏ်ရာရပြီး တိုက်ပွဲမဟုတ်ဘဲ ဒဏ်ရာရသူ ၃၁၇ ဦးဖြစ်

ဝါရှင်တန် စက်တင်ဘာ ၂၂

စက်တင်ဘာ ၂၁ ရက် တနင်္ဂနွေနေ့ရောက်ချိန်တွင် အီရတ်၌ စစ်ပွဲစတင်ခဲ့သည်မှ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်သည် ၃၀၄ ဦးရှိပြီဖြစ်ကြောင်း အမေရိကန်ဗဟိုဌာနချုပ်က ကြေညာသည်။

ဗြိတိသျှစစ်ဘက်ဆိုင်ရာက ၄၉ ဦးနှင့် ဒိန်းမက်စစ်ဘက်ဆိုင်ရာက တစ်ဦးသေဆုံးကြောင်း ကြေညာသည်။

စစ်ပွဲပြီးကြောင်း မေ ၁ ရက်၌ သမ္မတဘုရှ် ကြေညာခဲ့ချိန်မှစပြီး သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၆၆ ဦးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်းအရ သိရသည်။

စစ်ပွဲစသည်မှ တိုက်ပွဲ၌ ဒဏ်ရာရသည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၇၅ ဦးဖြစ်သည်ဟု အမေရိကန်ဗဟိုဌာနချုပ်က ပြောဆိုသည်။ တိုက်ပွဲမဟုတ်ဘဲ ဒဏ်ရာရသူဦးရေမှာ ၃၁၇ ဦးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အီတလီသံတမန်စီးလာသည့်ကားကို ကန်တပ်ဖွဲ့ဝင်များပစ်ခတ် သံတမန်ကိုမထိမှန်သော်လည်း အီရတ်စကားပြန်သေဆုံးသွား

ရောမ စက်တင်ဘာ ၂၀

အီရတ်နိုင်ငံ၏ လုယက်ခံထားရသော ရှေးဟောင်းပစ္စည်းများ ပြန်ရရန် ကြိုးပမ်းရှာဖွေနေသော အီတလီအရာရှိတစ်ဦး လိုက်ပါလာသည့်ကားကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် အီရတ်စကားပြန် သေဆုံးသွားကြောင်း ရောမမြို့၌ အရာရှိတစ်ဦးက ပြောကြားသည်။

အီတလီအရာရှိ ပီထရိုကော်ဒိုနီမှာ ထိခိုက်ဒဏ်ရာရခြင်းမရှိဟု သိရသည်။ သူသည် မိုဆိုးလ်နှင့် တီကရစ်ကြားရှိ လမ်းပေါ်တွင် ကားဖြင့်သွားစဉ် အမေရိကန်တို့၏ လမ်းအတားအဆီးတစ်ခုအရောက်၌ ပစ်ခတ်ခံရခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ကားကို ပစ်ခတ်ခဲ့သဖြင့် ကော်ဒိုနီ၏ အီရတ်လူမျိုး စကားပြန်သေဆုံးပြီး ကော်ဒိုနီမှာ ထိခိုက်မှုမရှိကြောင်း ထိုအရာရှိက ပြောဆိုသည်။ ယာဉ်မောင်းသည် အမေရိကန်တပ်ဖွဲ့ဝင်များပေးသော အချက်ပြလက္ခဏာများကို သဘောမပေါက်ခဲ့ကြောင်းနှင့် အမေရိကန်တပ်ဖွဲ့ဝင်များကလည်း ထိုကား ဘာလုပ်ရန်ကြိုးပမ်းသည်ကို သဘောမပေါက်ခဲ့ကြောင်း ထိုအရာရှိက ပြောကြားသည်။

(အင်တာနက်)

လွဲချော်

စက်တင်ဘာ ၂၁ရက်က ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ၌ ပွဲပြီးခါနီး မိနစ်ပိုင်းအလိုတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ပယ်နယ်တီကန်ခွင့်ရသော်လည်း တိုက်စစ်မှူး နစ္စတယ်ရွိုင်း ကန်သွင်းမှု ဂိုးဘားတန်းနှင့်ထိပြီး လွဲချော်သွားသည်ကို တွေ့ရစဉ်။

[ထိုပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်သွားသည်။]

(ဓာတ်ပုံ-အင်တာနက်)

တိုင်းတစ်ပါး၏ ကျူးကျော်တိုက်ခိုက်ခြင်းခံနေရသည့် အီရတ်ပြည်သူပြည်သားများ၏ စစ်ဘေးဒုက္ခ

စက်တင်ဘာ ၈ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက အရှက်ဦး တိုက်ပွဲတွင် သံသယရှိသည်ဟု ဆိုကာ အီရတ်အမျိုးသားများကို ဤသို့ ဖမ်းဆီးချုပ်နှောင်ခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၁၆ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် တီကရစ်မြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းပြီး မိသားစုများ ရှေ့မှောက်၌ အီရတ်အမျိုးသားများအား ဤသို့ ဖမ်းဆီးခဲ့သည်။

အမေရိကန်တပ်များသည် အီရတ်နိုင်ငံတစ်ဝန်း နေ့စဉ်လိုလို ဒါဇင်ပေါင်းများစွာသော လူနေအိမ်များအတွင်း ဝင်ရောက်စီးနင်း ရှာဖွေလျက်ရှိသည်။

(ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၂၁ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် တီကရစ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တို့၏ နေအိမ်များအတွင်းဝင်ရောက်၍ ပိုင်စိုးပိုင်နင်း ရှာဖွေမှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်စစ်ပွဲမြင်ကွင်း

တီကရစ်မြို့တစ်ဝိုက် အမေရိကန်တပ်ဖွဲ့ဝင်များစီးနင်းရှာဖွေ ဆက်ဒမ်ထောက်ခံသူများနှင့် အရပ်သားများကိုဖမ်းဆီးစစ်ဆေး

ဘဂ္ဂဒက် စက်တင်ဘာ ၂၁

အီရတ်နိုင်ငံ တီကရစ်မြို့သည် ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိမြို့ဖြစ်ပြီး ဆက်ဒမ်ကိုထောက်ခံသော အီရတ်ပြည်သူအများအပြားရှိရာ ဒေသတစ်ခုလည်း ဖြစ်သည်။

စီးနင်းရှာဖွေ

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆက်ဒမ်ဟူစိန်ကို တီကရစ်တစ်ဝိုက်တွင် အပြင်းအထန် ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိရာ ယခုတိုင်မတွေ့ရှိရသေးပေ။ သတင်းအရ စီးနင်းရှာဖွေမှုများနှင့် ရှောင်တခင် ဝင်ရောက်စီးနင်းတိုက်ခိုက်ရှာဖွေမှုများကြောင့် တီကရစ်မြို့ရှိ အီရတ်ပြည်သူများမှာ စိုးရိမ်ထိတ်လန့်မှုနှင့်အတူ ဘေးအန္တရာယ်များလျက်ရှိသည်။

ညှဉ်းပန်းနှိပ်စက်

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်အရပ်သားများအပေါ် မကြာခဏ ညှဉ်းပန်းနှိပ်စက်ကြသည့်အတွက် အီရတ်တို့က အမေရိကန်တပ်များကို ကျူးကျော်သူများအဖြစ် သတ်မှတ်မုန်းတီးနေကြသည်။

တီကရစ်မြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ ကျေးရွာများကိုလည်း အမေရိကန်တပ်ဖွဲ့ဝင်များ အတင်းဝင်ရောက်စီးနင်းပြီး နေအိမ်များအတွင်း မွှေနှောက် ရှာဖွေကာ ရွာသားများကိုဖမ်းဆီးခဲ့ကြသည်။ ထိုသို့နေအိမ်များအတွင်း ပိုင်စိုးပိုင်နင်း ဝင်ရောက်မွှေနှောက်ရှာဖွေမှုများပြုလုပ်ခြင်းကို စော်ကားသော အပြုအမူအဖြစ် အီရတ်ပြည်သူများက မကြိုက်နှစ်သက်ကြပေ။

တီကရစ်မြို့နေပြည်သူများမှာ ဆက်ဒမ်ဟူစိန်ကို ယခုထိတိုင် ထောက်ခံနေပြီး ခုခံတိုက်ခိုက်မှုများလည်းရှိနေသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် စီးနင်းတိုက်ခိုက်ရှာဖွေမှုများ၊ ဖမ်းဆီးစစ်ဆေးညှဉ်းပန်းမှုများ အဆက်မပြတ်ပြုလုပ်လျက်ရှိနေသည်။

(အင်တာနက်)

ဖမ်းဆီး

စက်တင်ဘာ ၈ ရက်က အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်ရှိ တီကရစ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး အီရတ်တစ်ဦးအား ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ချုပ်နှောင်

စက်တင်ဘာ ၉ ရက်ကလည်း အီရတ်နိုင်ငံတီကရစ်မြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း တိုက်ခိုက်ပြီး အီရတ်တစ်ဦးအား ချုပ်နှောင်ခဲ့စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ၏ဖိအားပေးမှုကို ဆီးရီးယားနိုင်ငံက အလေးမထား အာရပ်အကျိုးစီးပွား အမေရိကန် ပိုနားလည်သဘောပေါက်သင့်ဟုဆို

ဒမတ်စကတ် စက်တင်ဘာ ၂၁

အမေရိကန်ပြည်ထောင်စုက မူဝါဒရေးရာတွင် ဆီးရီးယားအသေအချာပူးပေါင်းဆောင်ရွက်သွားရန် ဖိအားပေးနေသည်ကို စနေနေ့တွင် ဆီးရီးယားနိုင်ငံက အရေးမစိုက်ဘဲ အမေရိကန်ပြည်ထောင်စုသည် အာရပ်တို့၏ အကျိုးစီးပွားကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်သင့်ကြောင်း ပြောဆိုလိုက်သည်။

ယင်းဖိအားပေးမှုများသည် မိမိတို့အား အနုတ်လက္ခဏာ ထိခိုက်မှုဖြစ်စေမည်မဟုတ်ကြောင်း ဆီးရီးယား ဒုတိယသမ္မတ အဗ္ဗဒယ်ဟာလင်မ်ခက်ဒမ်က ပြောဆိုသည်။

အမေရိကန်ကွန်ဂရက်က ဆီးရီးယားနိုင်ငံသည် အီရတ်နိုင်ငံထဲသို့ စစ်သွေးကြွများ စိမ့်ဝင်ခြင်းကို မဟန့်တားနိုင်ဟု ရှုမြင်ထားပြီး စိုးရိမ်ပူပန်လျက်ရှိသည်။

အီရတ်၌ အမေရိကန်တပ်များရှိခြင်းကို ဆန့်ကျင်သော ဆီးရီးယားနိုင်ငံအား ပိုမိုအပြစ်ပေး အရေးယူနိုင်သည့် အက်ဥပဒေတစ်ရပ် ပြဋ္ဌာန်းသွားရန် အမေရိကန် ကွန်ဂရက်က အလေးအနက် စဉ်းစားလျက်ရှိသည်။

သူတို့၌ သူတို့အလိုရှိသည်ကို ဆုံးဖြတ်နိုင်သလို မိမိတို့၌လည်း မိမိတို့၏ လွတ်လပ်သော ဆန္ဒနှင့် အကျိုးစီးပွားရှိကြောင်း၊ ယင်းဖိအားပေးမှုများသည် လုံးဝ အရာမရောက်ကြောင်း ဒုတိယသမ္မတကပြောဆိုသည်။

အကြမ်းဖက်မှု အဆုံးသတ်ရန်ကိစ္စကို ဒမတ်စကတ်က လုံလုံလောက်လောက် အထောက်အကူ မပေးကြောင်း အမေရိကန်က စွပ်စွဲခဲ့ပြီးနောက် အကျိုးအကြောင်း ဆီလျော်သော အမေရိကန်၏ တောင်းဆိုမှုကိုသာ ဆီးရီးယားက ဖြေရှင်းပေးမည်ဟု နိုင်ငံခြားရေးဝန်ကြီးက ယခုသီတင်းပတ်၌ ပြောကြားခဲ့သည်။ **(အင်တာနက်)**

တိုက်ခိုက်

စက်တင်ဘာ ၂၀ ရက်က ဘဂ္ဂဒက်မြို့အနောက်ဘက် အကျဉ်းစခန်းကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ပြောက်ကျားတို့အား လိုက်လံတိုက်ခိုက်နေစဉ်။

ယင်းတိုက်ခိုက်ခံရမှုတွင် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိသွားသည်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အုပ်ချုပ်မှုကောင်စီဝင် အမျိုးသမီး သေနတ်ပစ်ခံရ ဝမ်းပိုက်၌သေနတ်ထိမှန်ပြီး ဒဏ်ရာပြင်းထန်ဟုဆို

ဘဂ္ဂဒက် စက်တင်ဘာ ၂၁

အီရတ်အုပ်ချုပ်မှုကောင်စီဝင် အမျိုးသမီးသုံးဦးအနက် တစ်ဦးလိုက်ပါလာသော ကားတစ်စီးကို သေနတ်သမားများက စနေနေ့၌ ပစ်ခတ်သဖြင့် သူမနှင့် သူမ၏ သက်တော်စောင့်သုံးဦး အကြီးအကျယ် ဒဏ်ရာရသွားသည်ဟု ဒေသဆိုင်ရာနှင့် ဆေးရုံအရာရှိများက ပြောကြားသည်။

ရှီးယားမွတ်စလင်နှင့် သံတမန်တစ်ဦးဖြစ်သူ အကီလာအယ်လ်ဟာရှိမီသည် ဝမ်းဗိုက်၌ သေနတ်ထိမှန်ခံရသည်ဟု ဘဂ္ဂဒက်ယာမာ့ခ်ဆေးရုံ သူနာပြုများက ပြောဆိုခဲ့ကြသည်။ နောက်ပိုင်း၌ သူမကို အမေရိကန်စစ်ဆေးရုံသို့ ပို့လိုက်ကြောင်း သူနာပြုများက ပြောကြားသည်။

သူမ၏ သက်တော်စောင့် သုံးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်းနှင့် တစ်ဦး ဒဏ်ရာပြင်းကြောင်း ဆေးရုံအရာရှိများက ပြောကြားခဲ့ကြသည်။

ကားမှာ ဘဂ္ဂဒက်အနောက်ပိုင်းရှိ ဟာရှိမီ၏ အနီးသို့ရောက်ခိုက်တွင် ချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်သည်။ ဟာရှိမီ၏ ကားကိုကားတစ်စီးအတွင်းရှိလက်နက်ကိုင်လူသုံးလေးယောက်က ပစ်ခတ်ခဲ့ကြောင်း ယာမာ့ခ်ဆေးရုံရှိ ရဲအဖွဲ့ဝင်တစ်ဦးက ပြောဆိုသည်။ မသင်္ကာဖွယ် လူနှစ်ယောက်ကို တိုက်ခိုက်မှုဖြစ်ပွားအပြီး၌ ဖမ်းဆီးထားသည်။

ဟာရှိမီသည် ယခုလ၌ အမေရိကန်ပြည်ထောင်စုသို့ အီရတ်ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအဖြစ် သွားရန်ရှိပြီး ရှေ့အပတ်၌ ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တက်ရောက်မည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မည်သည့်နိုင်ငံတကာတပ်ဖွဲ့တွင်မျှ ရုရှားတပ်ဖွဲ့ဝင်များအမှုထမ်းမည်မဟုတ် ဘုရှ်နှင့်ထိပ်သီးဆွေးနွေးပွဲလုပ်ရန်ပြင်နေသော သမ္မတပူတင်ပြောဆို

မော်စကို စက်တင်ဘာ ၂၁

အီရတ်နိုင်ငံ၌ မည်သည့်နိုင်ငံတကာဆိုင်ရာတပ်ဖွဲ့တွင်မျှ ရုရှားတပ်ဖွဲ့ဝင်များ အမှုထမ်းမည်မဟုတ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က စနေနေ့၌ပြောသည်ဟု ရုရှားသတင်းဌာနများက ကိုးကားဖော်ပြလိုက်ကြသည်။ သမ္မတပူတင်သည် အမေရိကန်သမ္မတနှင့် ထိပ်သီးဆွေးနွေးပွဲအတွက် ပြင်ဆင်လျက်ရှိသည်။

ရုရှားနိုင်ငံသည် အီရတ်၌ အမေရိကန်ဦးဆောင်ဆင်နွှဲသည့် စစ်ပွဲကိုဆန့်ကျင်ခဲ့သော်လည်း မကြာသေးမီ၌ ရုရှား၏ သဘောထားသည် ပျော့လာခဲ့သည့်အပြင် အမေရိကန်ဦးဆောင်မှု အောက်၌ထားရှိမည့် နိုင်ငံတကာဆိုင်ရာတပ်ဖွဲ့အတွက် အမေရိကန်၏ အဆိုပြုချက်များကို လိုလားလက်ခံလာခဲ့သည်။

လျှော့ပေးရမည်

ထိုသို့ဆိုသော်လည်း အီရတ်လူမျိုးများနှင့် ကုလသမဂ္ဂကို အစားထိုး ထောက်ခံရာတွင် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးအာဏာကို လျှော့ပေးရမည်ဟု ပြောဆိုခဲ့သည်။ စက်တင်ဘာ ၂၆ နှင့် ၂၇ ရက်တွင် ကင့်ဒေးဗစ်၌ အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်နှင့် ပူတင်တွေ့ဆုံသည့်အခါ အီရတ်ကို အမေရိကန်က နိုင်ငံရေးထိန်းချုပ်မြဲထိန်းချုပ်မှုနှင့် ပတ်သက်၍ ပူတင်၏အတိုက်အခံပြုမှုသည် အမေရိကန်အတွက် အဓိကခလုတ်ကန်သင်းဖြစ်ရန် အလားအလာရှိသည်။

တောင်းဆို

အချုပ်အခြာအာဏာကို အီရတ်တို့အားပြန်ပေးရေး တောင်းဆိုချက်ကို ပူတင်က မပြောင်းလဲခဲ့ပေ။ စီးပွားရေး နာလန်ထူရုံသာမက အီရတ်နိုင်ငံရေးအတွက် နိုင်ငံရေးပြန်လည်ထူထောင်ရေးလမ်းကြောင်းကိုလည်း ဆောင်ယူပေးရန်လိုအပ်ကြောင်း ပူတင်က ပြောကြားသည်ဟု အီတာတာ့စ်သတင်းဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

စက်တင်ဘာ ၂၁ ရက်က အီတလီနိုင်ငံ မီလန်မြို့ ဆန်စီယိုအားကစားကွင်း၌ အင်တာမီလန်အသင်းနှင့် ဆမ့်ဒိုရီးယား ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကို လွှမ်းမိုးချုပ်ကိုင်ရန် အမေရိကန်မကြိုးပမ်းသင့် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်ပြောကြား

ဒူဘိုင်းစက်တင်ဘာ ၂၂

အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံကို လွှမ်းမိုးချုပ်ကိုင်ရန် မကြိုးပမ်းသင့်ကြောင်းနှင့် အီရတ်နိုင်ငံ လုံခြုံရေးပြန်ရရှိအောင် လုပ်ဆောင်ရာတွင် ကုလသမဂ္ဂကို ပိုမိုကြီးမားသော အခန်းကဏ္ဍပေးရန် လိုအပ်ကြောင်း အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

မိမိတို့သည် အီရတ်တွင် အခန်းကဏ္ဍတစ်ရပ်ကို လုပ်ဆောင်ရမည်ဖြစ်ပြီး ငွေကြေးလည်း အများအပြားသုံးစွဲရမည်ဖြစ်ကြောင်း၊ လွှမ်းမိုးချုပ်ကိုင်ခြင်း မပြုသင့်ကြောင်း အာရပ်စော်ဘွားများနိုင်ငံသို့ ခေတ္တသွားရောက် လည်ပတ်စဉ် ကလင်တန်က ပြောဆိုသည်။

အသုံးပြုရမည်

ကုလသမဂ္ဂအတွက် မိမိတို့လိုအပ်သည်မှာ လုံခြုံရေးအခြေအနေကို အမည်ခံ ကြီးကြပ်ပေးရန်ဖြစ်ပြီး နေတိုးကို အထောက်အကူသဖွယ် အသုံးပြုရမည်ဖြစ်ကြောင်း ဒူဘိုင်းရှိ အမေရိကန်တက္ကသိုလ်၌ပြုလုပ်သော အမေးအဖြေခန်း၌ ကလင်တန်က ပြောဆိုသည်။

တွန်းအားပေး

အီရတ်တွင် ပြောက်ကျားတိုက်ခိုက်မှုများကြောင့် နေ့စဉ်နီးပါးတပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးနေရသော အမေရိကန်ပြည်ထောင်စုသည် အီရတ်ဆိုင်ရာ နိုင်ငံစုံတပ်ဖွဲ့ဖန်တီးရေး ကုလသမဂ္ဂ ဆုံးဖြတ်ချက်သစ်ကို တွန်းအားပေးရန် ကြိုးပမ်းလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

စိတ်ထားဆုံးမ ကောင်းကျိုးရ တရားတော်ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၂၂

၁၃၆၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ ရက် (စက်တင်ဘာ ၂၅ ရက်) နံနက် ၇ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)က "စိတ်ထားဆုံးမ ကောင်းကျိုးရ" တရားတော်ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

■ ကျောမှ

အလားတူပင် မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးကိုကိုလေး ခေါင်းဆောင်သော ချမ်းမြသာစည်မြို့နယ်မှ အစိုးရမဟုတ်သော လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ပြည်သူများသည် အလံကိုင်အဖွဲ့ဝင်များနှင့် ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်လျက် သတ်မှတ်နေရာမှ ဗထူးအားကစားကွင်းအတွင်းသို့ ဝင်ပေါက်အမှတ်(၃)မှ လည်းကောင်း၊ မန္တလေးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်ဦး ခေါင်းဆောင်သော အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ပြည်သူများသည် အလံကိုင်အဖွဲ့ဝင်များနှင့် ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်လျက် သတ်မှတ်နေရာမှ ဗထူးအားကစားကွင်းအတွင်းသို့ ဝင်ပေါက်အမှတ်(၄)မှ လည်းကောင်း အသီးသီး စနစ်တကျ ချီတက်နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာစိုးထွန်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် မန္တလေး ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်ဦးဝင်းမောင်၊ စီးပွားရေးလုပ်ငန်းရှင်သီရိသုမ္မသီဂ် ဒေါ်ဝင်းမေ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါက်တာ ကိုလေးနှင့် မန္တလေးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကိုထွေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သင်းသင်းဦးက

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးကို မန္တလေးတိုင်း မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပရာ အခမ်းအနားကို ကြွေးကြော်သံများ ကြွေးကြော်၍ အောင်မြင်စွာ ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်သူတစ်ရပ်လုံးကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွအင်တိုက်အားတိုက်ပါဝင်

လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နေဇာဝင်းက လည်းကောင်း ဆောင်ရွက်ကြသည်။

လူထုအစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေး သဘာပတိ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးထွန်းက မိန့်ခွန်းပြောကြားရာတွင်–

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟု ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါကြောင်း၊ ယနေ့ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေး၊ စီးပွားရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တွေ့ဆုံရှင်းလင်းသည့် အခမ်းအနားတွင်ပြောကြားခဲ့သော နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံသည့် အစည်းအဝေးကြီးဖြစ်ကြောင်း၊ စက်တင်ဘာ ၂၀ရက်ကလည်း ရန်ကုန်တိုင်းတွင် အစည်းအဝေးကြီးကျင်းပပြီး တစ်ခဲနက်ဆုံးဖြတ် ထောက်ခံခဲ့ကြကြောင်း၊ မိမိတို့မန္တလေးတိုင်းအတွင်းရှိ တိုင်းရင်းသား ပြည်သူအပေါင်းကလည်း ရန်ကုန်တိုင်းက တိုင်းရင်းသားပြည်သူများနှင့်သဘောထားထပ်တူညီမျှဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်းကို ဝမ်းမြောက်ဝမ်းသာ တစ်ခဲနက်ကြိုဆိုကြသည့် အစည်းအဝေးကြီးဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် ထောက်ခံပွဲ ကြီးသို့ ဝမ်းမြောက်ရွှင်လန်းစွာ တက်တက်ကြွကြွ အင်တိုက်အားတိုက် တက်ရောက်လာကြသည့်အတွက် မန္တလေးတိုင်းကိုယ်စား နှစ်ထောင်းအားရစွာ ဂုဏ်ပြုကြိုဆိုအပ်ပါကြောင်း။

ဦးစွာဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်နယ်၊ တိုင်းတောင်ပေါ်မြေပြန့် နယ်စပ်ဒေသများ ပါမကျန် ကွာဟမှုနည်းပါးပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည့်အတွက် နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းစသည့်ကဏ္ဍစုံတွင် မကြုံစဖူး ထူးထူးကဲကဲ အပေါင်းလက္ခဏာတဝေဝေဖြင့် တိုးတက်သီးပွင့်လာနေသည်ကို နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင် ကိန်းဂဏန်းအတိအကျဖြင့် ဖော်ပြထားသည်ကို တွေ့ရကြောင်း။

ဒုတိယပိုင်းအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို အကျဉ်းချုံးတင်ပြခဲ့ပါကြောင်း။

လုပ်ငန်းစဉ်အဆင့်ဆင့်တင်ပြ

တတိယပိုင်းတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံတော်၏ သမိုင်းကြောင်း အခြေခံများဖြင့် မိမိလူမျိုး၏ ယဉ်ကျေးမှု ဓလေ့စရိုက်များအပေါ် အခြေခံပြီး အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို တင်ပြခဲ့ကြောင်း။

နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်မှာ–

ပထမအဆင့် ၁၉၉၆ ခုနှစ်မှစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း၊

ဒုတိယအဆင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့

အခမ်းအနားမှူးအဖြစ် မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သင်းသင်းဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နေဇာဝင်း တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်သစ်

တကယ်တော့ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရှင်းလင်းတင်ပြခဲ့သည့် နိုင်ငံတော်၏ ရှေ့သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ ရောက်ရှိရေးအတွက် မှန်ကန်သည့် အမျိုးသားရေးလုပ်ငန်းစဉ်များဖြစ်သဖြင့် မိမိတို့အားလုံး ဤထောက်ခံပွဲကို တက်ရောက်လာကြခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြန်လည်တင်ပြရလျှင်–

ဝန်ကြီးချုပ်၏မိန့်ခွန်းတွင် နိုင်ငံတော်၏ အရေးပါသည့်အကြောင်းအရာများကို သုံးပိုင်းခွဲပြီး ရှင်းလင်းထားကြောင်း။

ပထမပိုင်းတွင် တပ်မတော်အစိုးရတာဝန်ယူခဲ့ရသည့် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အေးချမ်းတည်ငြိမ်အောင်၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့အောင်၊ ဥပဒေစိုးမိုးမှုကို

အနော်ရထာတံတားသည် မန္တလေးတိုင်း ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ချောက်မြို့နှင့် အနောက်ဘက်ကမ်း ဆိပ်ဖြူမြို့ကို ဆက်သွယ်ထားသည့်တံတားကြီးဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၅၁၉၁ ပေ ရှိသည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

လူထုလူတန်းစားပေါင်းစုံက ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြခြင်း ဖြစ်ကြောင်း။

ထိုအမျိုးသား ညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ကြသည့် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များကို ၁၉၉၂ ခုနှစ် ဇူလိုင်၁၀ရက် အလုံလမ်း သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကြွရောက်ပြီး ရင်းနှီးခင်မင်စွာ တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း။

၁၉၉၃ခုနှစ်တွင် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပခဲ့ပါကြောင်း၊ အမျိုးသားညီလာခံ၏ ဦးတည်ချက်ခြောက်ရပ်မှာ–

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပရေးသည် နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးပါကြောင်း၊ မိမိတို့ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရပါမည်။ အမျိုးသား ညီလာခံကြီး အောင်မြင်ရေးကိုလည်း လက်တွဲကူညီကြရပါမည်။ မူဝါဒလမ်းစဉ် ခုနစ်ရပ် အကောင်အထည်ဖော်ရာတွင် မလိုလားအပ်သော အဖျက်အမှောင့် အန္တရာယ်များမှ တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်း လုပ်ကြရပါမည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို မန္တလေးတိုင်း မန္တလေးမြို့ ဗထူးအားကစားကွင်း၌ကျင်းပရာ သဘာပတိ မန္တလေးဆေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးထွန်း မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားပြည်သူများပြည်ထောင်စုစိတ်
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး



စာမျက်နှာ ၇ မှ

တတိယအဆင့် အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ရေးဆွဲခြင်း၊

စတုတ္ထအဆင့် ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း၊

ပဉ္စမအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေး အတွက် တရားမျှတသောရွေးကောက်ပွဲများကျင်းပခြင်း၊

ဆဋ္ဌမအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စား လှယ်များဖြင့် လွှတ်တော်အစည်းအဝေးများကျင်းပခြင်း၊

သတ္တမအဆင့် လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော် အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင် အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ဖြစ်ကြောင်း။

နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး ချမှတ်လိုက်သော ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြစ်ကြောင်း။

ပြည်သူများအား အစဉ်တစိုက် အလေးထားတင်ပြလာခဲ့သော ဦးတည်ချက် (၁၂)ရပ်အနက် နိုင်ငံရေးဦးတည်ချက်လေးရပ်နှင့် ယခုချမှတ်လိုက်သော မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် အနှစ်သာရအားဖြင့် တူညီမှုရှိပါကြောင်း။

မူဝါဒလမ်းစဉ် ခုနစ်ရပ်ထဲတွင် အမျိုးသားညီလာခံအောင်မြင်စွာကျင်းပရေးနှင့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးတို့ ပါဝင်ပါကြောင်း။

အမျိုးသားညီလာခံကြီးကျင်းပရေးအတွက် ပြင်ဆင်ညှိနှိုင်းအစည်းအဝေးကို ၁၉၉၂ခုနှစ် ဇွန်လတွင် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များဖြင့် သုံးကြိမ်တိုင်တိုင် အချိန်ပေး တွေ့ဆုံညှိနှိုင်းမှုပြုလုပ်ခဲ့ကြောင်း၊ ညီလာခံကြီးအတွက် ကိုယ်စားလှယ် ဖိတ်ကြားရေးကိစ္စကို အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆန္ဒရယူပြီး အစုအဖွဲ့အမျိုးအစားအလိုက် သတ်မှတ်ရွေးချယ်ပြီးမှ စုံစုံညီညီ တက်ရောက်စေခဲ့ခြင်းဖြစ်ကြောင်း။

လူထုလူတန်းစားပေါင်းစုံဆွေးနွေး

အမျိုးသားညီလာခံကြီးတွင် နိုင်ငံရေးပါတီများ လွှတ်တော်ကိုယ်စားလှယ် အဖြစ် အရွေးချယ်ခံထားရသူများ၊ ပြည်နယ်နှင့်တိုင်းများက တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် တိုင်းရင်းသား ခေါင်းဆောင်များသာမက အသိပညာရှင်၊ အတတ်ပညာရှင် နိုင်ငံ့ဝန်ထမ်းများနှင့်

(က) ပြည်ထောင်စုမပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊

(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

(ဃ) စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊

(င) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊

(စ) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေးတို့ဖြစ်ကြောင်း။

၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၉၉၆ ခုနှစ်အထိ စနစ်တကျကျင်းပလာခဲ့သော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ရှိ တိုင်းရင်းသားပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုထားသော ကိုယ်စားလှယ်အပေါင်းတို့သည် နိုးကြားတက်ကြွစွာ တက်ရောက်ခဲ့ကြကြောင်း။

အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်အစုအဖွဲ့များ၏ လုပ်ငန်းကော်မတီအသီးသီးတို့သည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အလေးထားပြီး ဆောင်ရွက်ခဲ့ကြကြောင်း။

အရှိန်မပျက်ဆက်လက်ညှိနှိုင်း

အမျိုးသားညီလာခံကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများကို အောင်မြင်စွာချမှတ်နိုင်ခဲ့ပြီး အခန်းလိုက် အသေးစိတ် အခြေခံမူများရရှိရေးအတွက် ဆက်လက်ပြီး စုံညီအစည်းအဝေးကြီးကျင်းပကာ ညှိနှိုင်းမှုများ အလေးအနက်ပြုလုပ်နေစဉ်မှာပင် ပါဝင်ဆွေးနွေးခွင့်ရထားသည့် သူများထဲက မြေပေါ်နိုင်ငံရေးအင်အားစုတစ်ခုဖြစ်သည့် NLD ပါတီမှ ကိုယ်စားလှယ်များသည် ၁၉၉၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် နိုင်ငံတော်၏ အနာဂတ်ရေးကိုလည်း အလေးမထား၊ အမျိုးသားရေးထက် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ သဘောထားနှင့် မိမိပါတီတစ်ခုတည်း၏အရေးကို ဦးစားပေးပြီး အမျိုးသားညီလာခံအပေါ် ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်ကာ အမျိုးသားညီလာခံကြီးကို စွန့်ခွာကျောခိုင်းသွားခဲ့သည့်အတွက် ကျန်ရှိသည့် ကိုယ်စားလှယ်များက အရှိန်မပျက် ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း။

အဖျက်အမှောင့်ကာကွယ်

ယခုအခါ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ထဲတွင် ၁၉၉၆ ခုနှစ်ကစပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့သော အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပတော့မည်ဖြစ်ကြောင်း၊ ဤညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့် မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရန်လည်း လိုအပ်ကြောင်း၊ ယင်းကဲ့သို့ အောင်မြင်ဖြစ်ထွန်းရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်ထားရှိရန် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေး

ပြည်ထောင်စုစိတ်ဓာတ် အရေးကြီးပုံနှင့်ပတ်သက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက(၇–၄–၁၉၉၉)နေ့ ကျင်းပသော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၀) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားတွင်**“ယနေ့ နိုင်ငံတကာအခြေအနေကို လေ့လာကြည့်မည်ဆိုလျှင် အင်အားကြီးသည့် နိုင်ငံကြီးအချို့သည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အား မမေ့မလျော့ သတိချပ်ရမည့် အချက်တစ်ချက် မှာလိုကြောင်း၊ ၎င်းမှာ မိမိတို့နိုင်ငံအတွက် အင်မတန်အရေးကြီးသည့် ပြည်ထောင်စု စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီး ပေါင်းစပ်ဖွဲ့စည်းထားသည့် နိုင်ငံဆိုတာ ရဲဘော်တို့အားလုံးသိကြောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်သည့်အခါတွင် နိုင်ငံတော်သည် တိုးတက်ပြီး ကျယ်ပြန့်ကြီးမားခဲ့ကြောင်း၊ ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင် ခေတ်တွေကိုကြည့်လျှင် သိနိုင်ကြောင်း၊ ထိုခေတ်များတွင် အိမ်နီးချင်းနိုင်ငံများ၏ ချစ်ကြည်လေးစားမှုကိုခံယူနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်၏ တန်ဖိုးသည် နှိုင်းဆမရအောင် ကြီးမားသည်ကိုတွေ့ရမှာဖြစ်ကြောင်း၊ ရဲဘော်တို့ နားလည်အောင်ပြောရမည်ဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ အုပ်ချုပ်မှု အလံတော်တစ်ခုတည်းအောက်ရှိ နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသမှာမဆို နေထိုင်ကြသည့် ပြည်သူအားလုံး၏ တလုံးတစည်း၊ တညီတညွတ်တည်းသော စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုး တန်ဖိုးထားပြီး ဖွံ့ဖြိုးတိုးတက်အောင် အမျိုးစောင့်(ဝံသာနုရက္ခိတ)တရားပေါ်တွင် တည်ဆောက်ထားသည့်စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နှစ်ပရိစ္ဆေဒ ရှည်လျားစွာတစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ ချစ်ခင် ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ် စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်ပျက်ပြားလာ သည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါ ပြိုကွဲပြီး အချုပ်အခြာ အာဏာပါ ဆုံးရှုံးနိုင်သည်ကို ရဲဘော်တို့သတိချပ်ရမည်၊ ရဲဘော်တို့ရောက်ရာ ဒေသ၊ ကျရာတာဝန်ထမ်းဆောင်ကြသည့်အခါတွင် ပြည်ထောင်စုစိတ်ဓာတ်**

ရှင်သန်ရေးအတွက် အလေးထားလုပ်ဆောင်ကြရန် မှာကြားလိုကြောင်း” ကို မိန့်ကြားခဲ့ကြောင်း။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ “နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး”အဆိုကို မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးအောင်နိုင်ဦးက တင်သွင်းရာတွင်–

ယနေ့ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် မိမိ အလေးအနက် တင်သွင်းလိုသော အဆိုမှာ “နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေးအဆိုကို တင်သွင်းမည်ဖြစ်ကြောင်း။

လိုက်လျောညီထွေပြင်ဆင်

စောစောက သဘာပတိကြီးမိန့်ကြားသွားသည့်အတိုင်းပင် ပြီးခဲ့သည့် ဩဂုတ်လ ၃၀ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်အတွက် အင်မတန်ထူးခြားအရေးပါလှသည့် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင် အပိုင်းသုံးပိုင်းပါရှိပြီး ပထမပိုင်း၌ နိုင်ငံတော်၏ နယ်ပယ်အရပ်ရပ် ကဏ္ဍအသီးသီးတွင် မည်မျှထူးထူးခြားခြားဖွံ့ဖြိုးတိုးတက်နေသည်နှင့်ပတ်သက်ပြီး ကွက်ကွက်ကွင်းကွင်း သိသာထင်ရှားအောင် အခိုင်အမာဖော်ပြသွားသည်ကို အထူးပင်ကျေနပ်အားရစွာဖြင့် မှတ်သားမိပါကြောင်း၊ အထူးသဖြင့် မိန့်ခွန်းတွင်ပါသည့် မိမိတို့နိုင်ငံ၏တာဝန်ယူရချိန်တွင် အမျိုးသားစီးပွားရေးမူဝါဒကို ပုဂ္ဂလိကအခန်းကဏ္ဍကိုအားပေးသော ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးခဲ့သည့်အတွက် အမျိုးသားစီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း လိုက်လျောညီထွေ ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း။

တစ်ဆက်တည်းတွင် ပျက်စီးယိုယွင်းနေသော စက်ရုံအလုပ်ရုံများ၊ စီးပွားရေးအခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ရင်း နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အထူးလိုအပ်နေသည့် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် ဆေးရုံကြီးများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ခဲ့ရကြောင်း။

ဂျီဒီပီ ၅ ဒသမ ၉ အထိ တိုးတက်

ဤကဲ့သို့ နေ့ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏ GDP(တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး)သည်လည်း ပြန်လည်ဦးမော့လာခဲ့ပြီး ၁၉၈၈–၈၉ ဘဏ္ဍာနှစ်၏ ကျပ်သန်းပေါင်း လေးသောင်းခုနစ်ထောင်ကျော် အခြေအနေကနေ ၁၉၉၀–၉၁ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ငါးသောင်းကျော် စတင်ရရှိသည်အထိ တိုးတက်ပြောင်းလဲသည်ကို တွေ့နိုင်ကြောင်း၊ ၁၉၈၉–၉၀ ဘဏ္ဍာနှစ်မှ ၁၉၉၁–၉၂ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း GDP တိုးတက်မှုနှုန်းမှာ တစ်နှစ်ပျမ်းမျှ ၅ဒသမ၉ အထိတိုးတက်လာခဲ့ကြောင်း။

စီးပွားကူးသန်း ရှေ့သို့လှမ်း

၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်အဆုံးတွင် ကျပ်တစ်သိန်းငါးထောင်ကိုးရာ့လေးဆယ် အထိ တိုးတက်လာခဲ့သည်ကို တွေ့နိုင်ပါကြောင်း။

ထို့အပြင် ယနေ့အစိုးရလက်ထက်တွင် အလုပ်လက်မဲ့ဦးရေ လျော့နည်းသွားစေရန် နည်းလမ်းမျိုးစုံဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုကြောင့် အလုပ်လက်မဲ့ဦးရေ ၁၀ သန်းခန့်ကို အလုပ်အကိုင်များ ထပ်မံပေးနိုင်ခဲ့သဖြင့် ၁၉၈၈ ခုနှစ်ကာလက အလုပ်သမားဦးရေ ၁၉ သန်းခန့်မှ ယခု ၂၉ သန်းအထိ တိုးတက်ဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

ထိုအချက်များသည် ပကတိအမှန်တရားများဖြစ်ပြီး ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်လာမှုကို သိသာထင်ရှားစေကြောင်း။

အလားတူပင် လယ်ယာကဏ္ဍနှင့်ပတ်သက်ပြီး သုံးသပ်တင်ပြသွားသည့် အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနှင့်အခြားသော စီးပွားရေးကဏ္ဍများကိုလည်း တိုးတက်ဖြစ်ထွန်းမည့် စီးပွားရေးစနစ်ဖြစ်ထွန်းလာရေးကို အမျိုးသားစီးပွားရေးမူဝါဒအဖြစ် ချမှတ်ပြီး ဘက်စုံကဏ္ဍစုံ တိုးတက်ဖြစ်ထွန်းရေးကို နိုင်ငံတော်အစိုးရအနေဖြင့် အထူးအလေးထားကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ပထမပိုင်းတွင် နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သည့် စပါးကိုအခြေခံပြီး စိုက်ဧကတိုးချဲ့ရန် ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် အထွက်တိုးမျိုးကောင်းမျိုးသန့်များကို အသုံးပြုရန် စိုက်ပျိုးရေရရှိရေး နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်သွားရန် အာရုံစူးစိုက်ဆောင်ရွက်ခဲ့ကြောင်း။

၁၉၈၈ ခုနှစ်တွင် စပါးအထွက်နှုန်းသည် တစ်နှစ်တင်းသန်း ၆၅၄ သာရှိခဲ့ကြောင်း၊ ထို့ကြောင့် မိုးစပါးအပြင် သီးထပ်နွေစပါးစိုက်ပျိုးမှုကို အားပေးပြီး တစ်နှစ်စပါးတင်းသန်း ၁၀၀၀ ထွက်ရှိရေး ဦးတည်ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ၁၉၉၅–၉၆ ဘဏ္ဍာနှစ်မှ ၁၉၉၇–၉၈ ဘဏ္ဍာနှစ်အထိ နှစ်စဉ်စပါးတင်းသန်း ၈၀၀ ကျော်ထွက်ရှိလာခဲ့ပြီး ၁၉၉၉–၂၀၀၀ ဘဏ္ဍာနှစ်တွင် စပါးတင်းသန်း ၉၆၅ ထွက်ရှိလာခဲ့ရာ ၂၀၀၀–၂၀၀၁ ဘဏ္ဍာနှစ်ကစပြီး မူလရည်မှန်းချက်ဖြစ်သည့် တစ်နှစ်စပါးတင်းသန်း ၁၀၀၀ ရရှိလာခဲ့ပြီဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးစီမံကိန်းများကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး တည်ဆောက်ပေးလျက်ရှိကြောင်း။

ဤရေရရှိရေး စီမံကိန်းတွင် ရေအားလျှပ်စစ်စီမံကိန်းများ တွဲဖက်ပါဝင်သော စီမံကိန်းများကအစ ဆည်တမံများစုဖွဲ့တည်ဆောက်သည့် အငယ်စား၊ အလတ်စားစီမံကိန်းများအထိပါဝင်ပြီး ၁၉၈၈ခုနှစ်ကစ၍ ယခုအချိန်ထိ မိမိတို့အစိုးရ လက်ထက်တွင် ဆည်မြောင်းတာတမံစီမံကိန်းပေါင်း ၁၅၁ ခုနှင့် ရေမရရှိနိုင်သည့်ဒေသများတွင် မြစ်ရေတင်စီမံကိန်းပေါင်း ၂၆၅ ခုကိုပါ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် စိုက်ပျိုးရေးဖြစ်ထွန်းသည့် မြေဧကနှစ်သန်းကျော် တိုးပွားဖြစ်ထွန်းလာခဲ့ပြီလည်းဖြစ်ကြောင်း။ ***စာမျက်နှာ ၁၀ ကော်လံ ၁***

ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ပြီးအတူတကွနေထိုင်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေလိုအပ်
ခြေခံဥပဒေကြီးပေါ်ထွက်လာရန်နှင့်ကာကွယ်စောင့်ရှောက်ရန် နိုင်ငံသားအားလုံးတွင်တာဝန်ရှိ

၁၉၉၂–၉၃မှ ၁၉၉၅–၉၆ ကာလတို လေးနှစ်စီမံကိန်းကာလ ကုန်ဆုံးချိန်တွင် နိုင်ငံတော်၏ GDP သည် တစ်နှစ်ပျမ်းမျှ ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ဆက်လက်ပြီး ၁၉၉၆–၉၇ မှ ၂၀၀၀–၂၀၀၁ ဒုတိယကာလတို ငါးနှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ဤဒုတိယကာလတို ငါးနှစ်စီမံကိန်းကာလတွင် လက်ရှိဖြစ်ထွန်းနေသည့် စီးပွားရေးအခြေခံကောင်းများ တည်ငြိမ်ခိုင်မာစေရန်နှင့် မြန်မာ့စီးပွားရေးကို အရှိန်မှန်မှန်ဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းကြောင်းမှန်ပေါ်တွင် တည်ငြိမ်စွာဖြစ်ထွန်းလာစေရန် စနစ်တကျ မျှော်မှန်းကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် စီမံကိန်းပြီးဆုံးချိန်တွင် GDP သည် တစ်နှစ်ပျမ်းမျှ ၈ ဒသမ ၅ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း။

လက်ရှိ အကောင်အထည်ဖော်နေဆဲဖြစ်သော ၂၀၀၁–၂၀၀၂မှ ၂၀၀၅–၂၀၀၆ ကာလတို ငါးနှစ်စီမံကိန်းသည် ယခု ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ်တွင် စီမံကိန်း တတိယနှစ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဤငါးနှစ်တာကာလအတွင်း GDP ကို တစ်နှစ်ပျမ်းမျှ ၁၀ဒသမ၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ စီမံကိန်းဒုတိယနှစ်ဖြစ်သည့် ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်တွင် ၁၁ ဒသမ ၁ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့နိုင်ပါကြောင်း၊ တစ်ဦးချင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည်ဆိုလျှင်လည်း

ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း တစ်နေ့ တန် ၅၀၀ ကျ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)ကို တွေ့ရစဉ်။ (စက်မှု–၁)



မဟာသံ့ဃာရရုပ်ရှင်တော်မြတ်ကြီး ရွှေသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၂

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဘိုကုန်းဇေယျသိဒ္ဓိမဟာသံ့ဃာရဘုရားကျောင်းတွင် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီမှ အောက်တိုဘာ ၉ ရက်အထိ ရွှေသင်္ကန်းဆက်ကပ်ပွဲကို ကျင်းပမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့ နံနက် ၉ နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို စည်ကားစွာ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင် ဆက်ကပ်နိုင်ရန် ကျောင်းတိုက်မှ ရွှေသင်္ကန်း အဆင်သင့် စီစဉ်ထားကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံဖြစ်ထွန်းရေး၊ လူနေမှုအဆင့်မြင့်မားရေး ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီစနစ်အတွက် အခြေခံအုတ်မြစ်များဖြစ်သည်

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ၁၅ နှစ်တာကာလ အချိန်တိုအတွင်းတွင် ဆည်မြောင်းတာတမံပေါင်း ၁၅၁ ခုအထိ တည်ဆောက်ပေးနိုင်ခဲ့သည်ကိုကြည့်လျှင် ယနေ့ နိုင်ငံတော်အစိုးရ၏ ပြည်သူအပေါ်ထားရှိသည့် စေတနာနှင့် စွမ်းဆောင်ချက်များ အံ့သြစရာကောင်းလှသည်။

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်နိုင်ဦး အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

မန္တလေး တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနမှပါမောက္ခ ဒေါ်တင်တင်ဝင်း ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးထွန်းလှိုင် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဤနေရာတွင် နှိုင်းယှဉ်ကြည့်စေချင်သည့်အချက်မှာ အနော်ရထာမင်းမှ ရှေးမြန်မာမင်းများလက်ထက်တွင် ဆည်ပေါင်း ၁၀ ခု၊ ကိုလိုနီခေတ်တွင် ဆည်ပေါင်း ရှစ်ခု၊ လွတ်လပ်ရေးရပြီးချိန်မှ ၁၉၆၂ ခုနှစ်အထိ ဆည်ပေါင်း ၅၁ ခု၊ လမ်းစဉ်ပါတီခေတ်မှ ၁၉၈၈ ခုနှစ်အထိ ဆည်ပေါင်း ၆၉ ခု စုစုပေါင်း ၁၃၈ ခုပဲရှိခဲ့ပါကြောင်း၊ ဆိုလိုသည်မှာ နှစ်ပေါင်း ၉၄၄ နှစ်အတွင်းတွင် ဆည်ပေါင်း ၁၃၈ ခုသာ တည်ဆောက်ပေးနိုင်ခဲ့သည်ဆိုသည့် သဘောပင်ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်မှ ယခုအထိ ၁၅ နှစ်တာကာလ အချိန်တိုအတွင်းတွင် ဆည်မြောင်းတာတမံပေါင်း ၁၅၁ ခုအထိ တည်ဆောက်ပေးနိုင်ခဲ့သည်ကို ကြည့်လျှင် ယနေ့နိုင်ငံတော်အစိုးရ၏ ပြည်သူအပေါ်၌ထားရှိသည့် စေတနာနှင့် စွမ်းဆောင်ချက်များသည် အံ့သြစရာကောင်းလှပါကြောင်း။

ဤဆည်မြောင်းတာတမံ ၁၅၁ ခုအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ်သန်းပေါင်း ခြောက်သောင်းကျော် ကျခံသုံးစွဲခဲ့ပြီးလည်းဖြစ်ကြောင်း၊ လက်ရှိတွင်လည်း ဆည်မြောင်းတာတမံစီမံကိန်း ၃၉ ခုကို တည်ဆောက်လျက်ရှိနေပြီးဖြစ်သကဲ့သို့ စီမံကိန်း ၈၄ ခုကို ဆက်လက်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် ခေတ်မီစက်မှု ကုန်ထုတ်လုပ်ငန်းများကို အခြေခံသော စီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအရည်အသွေးကို မြှင့်တင်ပေး၊ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသအလိုက် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့အတွက် တိုင်းနှင့်ပြည်နယ်အနှံ့မှ ပုဂ္ဂလိကကဏ္ဍ၏ စက်မှုဇုန်ကြီး ၁၈ဇုန်နှင့် နောက်ထပ်တိုးချဲ့ စက်မှုဇုန်များကိုပါ တည်ထောင်ပေးခဲ့ကြောင်း၊ဤပုဂ္ဂလိကစက်မှုဇုန်များက မော်တော်ယာဉ်ထုတ်လုပ်မှု၊ လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်မှု၊ အီလက်ထရွန်နစ်ပစ္စည်းများထုတ်လုပ်မှု၊ ကုန်ထုတ်စက်ရုံကြီးများအတွက်အပိုပစ္စည်းများထုတ်လုပ်မှုများအပြင် ဆပ်ပြာစက်ရုံကဲ့သို့ စက်ရုံငယ်များကိုပါ တည်ထောင်နိုင်သည့် အခြေအနေများအထိ တိုးတက်လာကြပြီဖြစ်ကြောင်း။

စက်မှုကဏ္ဍမြှင့်တင်

နိုင်ငံတော်ပိုင်စက်ရုံများကိုလည်း ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကုန်ပစ္စည်းများ၊ နိုင်ငံတော်အတွက် သွင်းကုန်အစားထိုး ပစ္စည်းများတိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံသစ်အကြီး၊ အလတ်၊ အသေးပေါင်း ၂၅၇ ခုကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း စက်ရုံပေါင်း နှစ်သောင်းလေးထောင်ကျော် တိုးတက်ဖြစ်ထွန်းလာခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ်ကာလက နိုင်ငံပိုင်ရော၊ ပုဂ္ဂလိကပိုင်ပါ စက်ရုံပေါင်း နှစ်သောင်းခုနှစ်ထောင်ကျော်ရှိခဲ့ရာမှ ယခုဆိုလျှင် စက်ရုံပေါင်း ငါးသောင်း တစ်ထောင်ကျော်ရှိနေပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်ကြီးကို ခေတ်မီတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ပိုင်ရော ပုဂ္ဂလိကပိုင်ပါ တစေတစတိုးမြှင့် တည်ထောင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စက်မှုကဏ္ဍမြှင့်တင်ရေး ကြိုးပမ်းချက်များဖြစ်ကြောင်း။

အမျိုးသားပညာရေးမြင့်မားရေး အထူးလေးနှစ် စီမံကိန်းတွင် ပညာရေးဝန်ကြီးဌာနသာမက ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အခြားသော ဝန်ကြီးဌာနများအောက်ရှိ အဆင့်မြင့် ပညာကဏ္ဍများကိုပါ ထည့်သွင်းစီမံ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

၁၉၈၈ ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း သုံးသောင်းကျော်သာ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် အခြေခံပညာကျောင်းခွဲနှင့် တွဲဖက်ကျောင်းများ အပါအဝင် အခြေခံကျောင်းပေါင်းလေးသောင်းကျော်ရှိလာခဲ့ကြောင်း၊ ကျောင်းပေါင်း ခြောက်ထောင်သုံးရာကျော် တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ကျေးလက်ဒေသများတွင် အလယ်တန်းပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများ တိုးတက် ဖြစ်ထွန်းလာစေရန် မူလတန်းလွန်ကျောင်းများ တီထွင်ဖွင့်လှစ်ပေးခဲ့ရာတွင်လည်း ယခုဆိုလျှင် မူလတန်းလွန်ကျောင်းပေါင်း သုံးထောင်ရှစ်ရာရှိခဲ့ပြီးဖြစ်ပါကြောင်း။

အခြေခံပညာကျောင်းများ တိုးတက်ပွားများလာသည်နှင့်အညီ ဆရာဆရာမ အင်အားသည်လည်း ၁၉၈၈ ခုနှစ်က တစ်သိန်းခုနစ်သောင်းကျော်သာ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် နှစ်သိန်းနှစ်သောင်းကျော် ရှိလာခဲ့ပါကြောင်း။ အခြေခံပညာ ကျောင်းသူကျောင်းသားအင်အားသည်လည်း ၁၉၈၈ ခုနှစ်တွင် ငါးသန်းတစ်သိန်းကျော်ရှိခဲ့ရာမှ ယခုဆိုလျှင် ခုနစ်သန်းငါးသိန်းကျော်အထိ တိုးတက်လာခဲ့သည်ကိုတွေ့ရပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ၌ဆိုလျှင်လည်း ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများ အားလုံးတွင် အဆင့်မြင့်ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာစေရန်နှင့် ဒေသအလိုက်လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရန် ဦးတည်ပြီး ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် ဖွံ့ဖြိုးတိုးတက်ရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ်ကာ ယင်းအထူးဒေသကြီးများကိုအခြေခံပြီး တက္ကသိုလ်၊ကောလိပ်များ ဖြန့်ကြက်တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ကြောင်း။

ယင်းကဲ့သို့ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံအတွင်းတွင် ၁၉၈၈ ခုနှစ်က တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂ ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ ခုအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဤကဲ့သို့စီစဉ်တိုးချဲ့ဖွင့်လှစ်ပေးလိုက်သည့်အတွက် မြန်မာပြည်အနှံ့အပြားတွင် အဆင့်မြင့်ပညာရပ်များကို လွယ်လွယ်ကူကူဖြင့် လူတိုင်းသင်ယူနိုင်ခွင့်ရရှိလာကြောင်း၊ နေရာအနှံ့အပြားတွင် အရည်အချင်းပြည့်ဝသည့် ဘွဲ့ရပညာတတ်ပုဂ္ဂိုလ်များ အများအပြား တိုးပွားလျက်ရှိနေသည်ကိုတွေ့ရကြောင်း။

ထို့အပြင် တက္ကသိုလ်၊ကောလိပ်များ အရှိန်အဟုန်ဖြင့် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာသည်နှင့်အမျှ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ် ကျောင်းသူကျောင်းသားတစ်သိန်းသုံးသောင်းကျော်သာရှိခဲ့ရာမှ ယခု ၂၀၀၃ ခုနှစ်တွင် တက္ကသိုလ် ကောလိပ် ကျောင်းသူကျောင်းသားပေါင်း ရှစ်သိန်းကိုးသောင်းကျော်ရှိလာခဲ့ပြီဖြစ်ကြောင်း။ *မျက်နှာ ၁၁ ကော်လံ ၁ သို့*

မန္တလေးတိုင်း လယ်ဝေးမြို့နယ်ရှိ ရန်အောင်မြင် ရေလှောင်တမံ။

အခြေခံဥပဒေနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "နိုင်ငံတော်၌ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ် လိုအပ်သည်သာမက ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက်ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ရမယ်" ဟု လမ်းညွှန် မိန့်ကြားထားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို မန္တလေးတိုင်း မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကြီးကျင်းပပေးခြင်းသည် လူတန်းစားအားလုံးဆန္ဒသဘောထားနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းစေရန် ကျင်းပပေးခြင်းဖြစ်

စာမျက်နှာ ၁၀ မှ

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကို ကြည့်လျှင် ၁၉၈၈ခုနှစ်တွင် အထူးကုဆေးရုံကြီးများ၊ အထွေထွေနှင့် အထူးကုဆေးရုံများအပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ယခု ၂၀၀၃ ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ ရုံ ရှိလာပြီဖြစ်ကြောင်း၊ အလားတူပင် ဒေသန္တရဆေးပေးခန်း ၈၄ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၁၄ ခုတို့ တစ်နိုင်ငံလုံး၌ ဖြန့်ကြက် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

ဆေးရုံသစ်ကြီး ၁၄၀ တိုးပွားလာခဲ့သကဲ့သို့ ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာတွင်လည်း (၂၅)ခုတင်ဆံ့မှသည် ခုတင်(၅၀)၊ ခုတင်(၁၀၀)မှ ခုတင်(၂၀၀)နောက်ဆုံးခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၁၄ ရုံကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီးလည်းဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်တွင် ဆေးပညာဆိုင်ရာတက္ကသိုလ်လေးခုသာရှိခဲ့ရာမှ ယခုအခါတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်၌တွင်ပင် ဆေးပညာဆိုင်ရာတက္ကသိုလ် ၁၄ ခုတိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ ယခင်ခေတ်ကာလက ဘွဲ့လွန်ဒီပလိုမာ ဘွဲ့သင်တန်း ၁၀ မျိုးနှင့် မဟာဘွဲ့သင်တန်း ၁၃ မျိုးသာ သင်ကြားပေးခဲ့ရာမှ ယခုအခါတွင် ဘွဲ့လွန်ဒီပလိုမာသင်တန်း ၂၈ မျိုး၊ ဆေးပညာ၊ မဟာသိပ္ပံဘွဲ့သင်တန်း ၂၆ မျိုး၊ ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ ခုနစ်မျိုးနှင့် ပါရဂူဘွဲ့သင်တန်း ၂၉ မျိုးအထိတိုးချဲ့သင်ကြားပေးလျက်ရှိနေပြီဖြစ်ကြောင်း။

ဆက်လက်ပြီး အလေးထားတင်ပြလိုသည့်အပိုင်းမှာ နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်ကြောင်း၊ မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် နှစ်ပေါင်းထောင်ချီကာ စည်းလုံးညီညွတ်စွာ ဥမကွဲသိုက်မပျက် စုစည်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလွန်အလေးထားတည်ဆောက်နေရသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစသည့် ဝါဒလမ်းစဉ်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ရည်မှန်းချက်ပန်းတိုင်ချီတက်

အဆိုပါအမျိုးသားရေးမူဝါဒနှင့်အညီ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် နိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်နှင့် လူမှုရေးဦးတည်ချက် လေးရပ်တို့ကိုချမှတ်ကာ နိုင်ငံတော်၏ရည်မှန်းချက်ပန်းတိုင်သို့ စနစ်တကျ ချီတက်နေသည့်ကာလဖြစ်ကြောင်း။

ချမှတ်ထားသည့် နိုင်ငံရေးဦးတည်ချက်လေးရပ်ထဲတွင် အခြေခံဥပဒေသစ်တစ်ရပ်ပေါ်ပေါက်ရေးကို ဦးတည် ချမှတ်ထားသည်ကိုတွေ့ရှိရပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို အတိအလင်းရှင်းလင်းမိန့်ကြားခဲ့ကြောင်း။

ယင်းလမ်းစဉ်ခုနစ်ရပ်မှာ–

ပထမအဆင့်– ၁၉၉၆ ခုနှစ်မှ စတင်၍ ယာယီအားဖြင့်ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း၊

ဒုတိယအဆင့်– အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊

တတိယအဆင့်– အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံမူကြမ်းကို ရေးဆွဲခြင်း၊

စတုတ္ထအဆင့်– ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍အတည်ပြုခြင်း၊

ပဉ္စမအဆင့်– ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း၊

ဆဋ္ဌမအဆင့်– ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများကျင်းပခြင်း၊

သတ္တမအဆင့်– လွှတ်တော်မှရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသောအစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ခြင်းတို့ဖြစ်ကြောင်း။

၎င်းမှာ မိမိတို့ မြန်မာနိုင်ငံ၏ Road Map ပင်ဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအပေါင်းသည် အတိတ်ကာလက ခါးသီးသောအတွေ့အကြုံများ ရင်နှင့်အောင် ခံစားခဲ့ရပြီး ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင်မှ အေးချမ်းသာယာပြီး ဂုဏ်သိက္ခာရှိရှိနေနိုင်ကြပြီဖြစ်ကြောင်း၊ စီးပွားရေးဘဝ၊ လူမှုရေးဘဝလည်း ဒီရေအလား တစ်နေ့တခြား တိုးပွားအောင်မြင်လာပြီဖြစ်ကြောင်း၊ ထိုရှိပြီး **အေးချမ်းသာယာမှု၊ နိုင်ငံရေးတည်ငြိမ်မှုနှင့်တကွ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိအဟုန်မပျက်ဘဲ ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ သိမ်မွေ့ညင်သာ ကြည်သာရွှင်ပျစွာ ကူးပြောင်းရောက်ရှိလိုသော ဆန္ဒအပြည့်ရှိကြပါကြောင်း၊** ယခုဝန်ကြီးချုပ် မိန့်ကြားပြသလိုက်သည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် မိမိတို့လိုလားသောပန်းတိုင်ကို မုချမသွေရောက်အောင် ပို့ဆောင်နိုင်မည့် ပကတိအရှိတရားများနှင့်လိုက်လျောညီထွေဖြစ်ပြီး လက်တွေ့အောင်မြင်မှုရစေမည့် အရှိန်အဟုန်ကောင်း၊ ရေခံ၊မြေခံကောင်းလည်းရှိပြီးဖြစ်သည့် အမျိုးသားရေးဦးစားပေးတာဝန်များပင်ဟု စိတ်နှလုံးဒုန်းဒုန်းချယုံကြည်စိတ်ချပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျားအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးကို လေးလေးနက်နက် အဆိုတင်သွင်းအပ်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

ထို့နောက် **"နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကျားအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး" အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးကြရာ၌ ရှေးဦးစွာ မန္တလေး တက္ကသိုလ် ရှေးဟောင်း သုတေသနပညာဌာနပါမောက္ခဒေါ်တင်တင်ဝင်းက ထောက်ခံဆွေးနွေးရာတွင်** မိမိသည် ဒေါ်တင်တင်ဝင်းဖြစ်ကြောင်း၊ ဦးအောင်နိုင်ဦး တင်သွင်းသွားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျားအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအဆိုကို မိမိက အလေးအနက်ထောက်ခံအပ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်ကမူဝါဒမိန့်ခွန်းပြောကြားစဉ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို အသေးစိတ်ပြောကြားခဲ့ပါကြောင်း။

မိမိတို့ မန္တလေးတိုင်းအတွင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် တင်ပြသွားသည့် ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်မှုများ လက်တွေ့ကျကျ ခံစားတွေ့မြင်နေရမှုများကို ဖော်ပြလိုပါကြောင်း၊ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ထို့ကြောင့်လည်း ၁၉၈၈ ခုနှစ်မတိုင်မီက မန္တလေးတိုင်း အတွင်း အသားတင်စိုက်ပျိုးမြေဧက ၂ ဒသမ ၅ သန်းရှိခဲ့ရာမှ ယခုအခါ ဧက ၃ ဒသမ ၅ သန်း ကျော်ရှိလာခြင်းကြောင့် ဧက တစ်သန်းကျော် တိုးတက်ခဲ့ပါကြောင်း၊ စိုက်ပျိုးရေရရှိရေးတွင်လည်း ယခုလက်ထက်တွင် ဆည်တာတမံ ၃၇ ခု တည်ဆောက်ပြီးဖြစ်ကြောင်း၊ ပျဉ်းမနားမြို့ အရှေ့ဘက် ပေါင်းလောင်းရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီး ဧက ငါးသောင်း ရေပေး ဝေနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေပေးဝေရုံသာမက တစ်ပြိုင်တည်းတွင် လျှပ်စစ်မဂ္ဂါဝပ် ၂၈၀ ကိုလည်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း၊ အလားတူပင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းက မဂ္ဂါဝပ် ၇၈၀ ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း၊ ထို့အပြင် မန္တလေးတိုင်းအတွင်း မြစ်ရေတင်စီမံကိန်းလုပ်ငန်းပေါင်း ၇၂ ခု၊ မြေအောက်ရေရရှိရေး ၁၃၇၀ တွင်းကိုလည်း တူးဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုများနှင့်အတူ စက်မှုဖွံ့ဖြိုးရန်အတွက် မန္တလေးစက်မှုဇုန်(၁)၊ (၂)၊ မြင်းခြံစက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်များ တည်ထောင်အားပေးလျက်ရှိရာတွင် ယခုအခါ မန္တလေးတိုင်းအတွင်း၌ နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံပေါင်း ၉၂၁၁ ခုရှိလာပြီဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်ပိုင်၌ အမှတ်(၁)စက်မှု ဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်း ကျောက်ဆည်စက်ရုံစုများအပါအဝင် စက်ရုံ ၄၇ ရုံထိ တည်ဆောက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ စက်ရုံ ၂၀ နှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် စက်ရုံ ၂၀ ကို စီစဉ်ထားပြီးဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် နိုင်ငံတော်အစိုးရတာဝန်ယူပြီးနောက် ကတ္တရာလမ်း မိုင်တစ်ထောင်ကျော်၊ ကျောက်လမ်း မိုင်ခုနစ်ဆယ်၊ မြေသားလမ်း ၃၅မိုင် စုစုပေါင်းမိုင် ၁၁၅၀ ခန့်ဖောက်လုပ်ခဲ့ကြောင်း၊ ထို့အပြင် ပေ ၁၈၀အထက်တံတားကြီးလေးစင်းအပါအဝင် တံတားကြီးငယ် ၁၃၀၀ကျော် တည်ဆောက်ပေးခဲ့ပြီး ပေ ၅၆၀၀ ကျော်ရှိသည့် မန္တလေး–စစ်ကိုင်း ဧရာဝတီမြစ်ကူးတံတားအသစ်တစ်စင်းတည်ဆောက်လျက်ရှိကြောင်း၊ မန္တလေး–ရန်ကုန် ခြောက်လမ်းသွားစီမံကိန်းကလည်း အတော်ခရီးရောက်သည်ကို လက်တွေ့မြင်တွေ့နေရပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် မန္တလေးတိုင်းအတွင်း ၁၉၈၈ခုနှစ် နောက်ပိုင်း ဆေးရုံ၈၅ရုံ၊ ဆေးတက္ကသိုလ်ခြောက်ခု၊ သားဖွားသင်တန်းကျောင်းနှစ်ခု၊ သူနာပြုသင်တန်းကျောင်းသုံးခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ၁၉၈၈ခုနှစ်တုန်းက ထက်၊ လယ်၊ မူလတန်းကျောင်း ၃၆၀၀ ရှိပြီး ယခု ၄၄၀၀ကျော်ရှိလာသဖြင့် ကျောင်းပေါင်း ၇၅၀ ကျော် တိုးတက်လာခဲ့ကြောင်း၊ ယခင်ကမရှိခဲ့သော သင်ကြားမှု၊သင်ယူမှု အထောက်အကူစာသင်ခန်းများကို ၁၀၈ ကျောင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း။

မန္တလေးတိုင်းအတွင်း ၁၉၈၈ခုနှစ် က တက္ကသိုလ်၊ကောလိပ် ခုနစ်ခုသာ ရှိခဲ့ရာမှ ယခု တက္ကသိုလ်၊ ကောလိပ်သိပ္ပံပေါင်း ၃၇ ခု အသစ်တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်၊ လေကြောင်းအတတ်သင် အင်ဂျင်နီယာတက္ကသိုလ် စသည်တို့ကို တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထို့အပြင် မန္တလေးတိုင်း မြင်းခြံမြို့တွင်လည်း ဒီဂရီကောလိပ်နှင့် စက်မှုလက်မှုသိပ္ပံတို့ကို ဆောက်လုပ်နေပြီဖြစ်ကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအစီအစဉ်အရ မူလတန်းကျောင်းပေါင်း ၄၇၃ ကျောင်း ပြင်ဆင်ခဲ့ပြီး မန္တလေးတိုင်းအတွင်း ကျောင်းနေအရွယ်ကလေး ၉၆ ဒသမ ၀၅ ရာခိုင်နှုန်း စာသင်ကြားနေပြီဖြစ်ပါကြောင်း။

စာမတတ်သူပပျောက်ရေးလုပ်ငန်းကြောင့် လူကြီးလူရွယ် ၉၈ ဒသမ ၈ ရာခိုင်နှုန်း စာတတ်မြောက်နေကြပြီဖြစ်ကြောင်း။

မန္တလေးတိုင်းကဲ့သို့ပင်အခြားသော တိုင်းများ၊ ပြည်နယ်များ၊ နယ်စပ်ဒေသများ၌လည်း သိသိသာသာ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်နေပါကြောင်း။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်းတွင်ပါရှိသော နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဆင့်ဆင့်မှာ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပမည်ဆိုသောအချက်ကို အလေးအနက်ထားပြီး ထောက်ခံတင်ပြလိုကြောင်း။

အခြေခံဥပဒေကောင်းဖြစ်ရန်

ကျင်းပလာခဲ့သည့် အမျိုးသားညီလာခံသည် ဦးတည်ချက်ခြောက်ရပ်နှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့် အခြေခံမူများရရန် လေးလေးနက်နက်၊ ကျယ်ကျယ်ပြန့်ပြန့်၊ စိတ်ရှည်လက်ရှည် ဆင်ခြင်စဉ်းစားပြီး အခြေခံမူများကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြေခံဥပဒေ၏ အနှစ်သာရများနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပကထင်ရှားသော ဥပဒေပညာရှင်၊ နိုင်ငံရေးသိပ္ပံပညာရှင်ကြီးများက အခြေခံဥပဒေအရေးကြီးပုံကို ရှုထောင့်စုံက အနက်အဓိပ္ပာယ် ဖွင့်ဆိုထားကြကြောင်း၊ ဖွင့်ဆိုချက်များကို ခြုံငုံကြည့် လိုက်လျှင် နိုင်ငံတစ်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ မရှိမဖြစ် လိုအပ်ပြီး တိုင်းပြည်၏ အခြေခံအကျဆုံးဥပဒေ၊ တိုင်းပြည်၏ အထွတ်အထိပ်ဥပဒေဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အသက်ဝိညာဉ်ပမာ အရေးကြီးလှပါကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေတွင် ပျော့ကွက်၊ ဟာကွက်မရှိဘဲ ဘက်ပေါင်းစုံက မှန်ကန် ခိုင်ခံ့နေရန်၊ အခွန့် ရှည်ကြာ အားကိုးအားထားရမည့် အခြေခံဥပဒေကောင်းတစ်ခုဖြစ်ရန် အလေးထားပြီး ကြိုးပမ်းပြုစုကြရမည်ဖြစ်ကြောင်း။

အခြေခံဥပဒေနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "နိုင်ငံတော်၌ မည်သည့်စနစ်ကိုကျင့်သုံးသည်ဖြစ်စေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်သည်မက ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ရမယ်"ဟု လမ်းညွှန်မိန့်ကြားဖူးပါကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်ပေးထားသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်းဆိုသည့် နိုင်ငံတော်ဝန်ကြီးချုပ်တင်ပြသော တတိယလုပ်ငန်းအဆင့်ကို မိမိတို့ ပြည်သူတစ်ရပ်လုံးက အလေးအနက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တန်ဖိုးထားပြီး ကြိုဆိုထောက်ခံကြပါကြောင်းကို တင်ပြအပ်ပါကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

မိမိတို့နိုင်ငံအတွက် အမျိုးသားညီလာခံအောင်မြင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်နေသည်။

စာမျက်နှာ ၁၁ မှ

နိဂုံးချုပ်အနေဖြင့် တင်သွင်းသွားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝ ဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးဆိုသည့်အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွအင်တိုက်အားတိုက်ပါဝင်ရေး"အဆိုနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးထွန်းလှိုင်က ထောက်ခံဆွေးနွေးရာတွင်–

မိမိအနေဖြင့် ဦးအောင်နိုင်ဦး တင်သွားသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင် မြင်ရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝ ဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအဆိုကို ထပ်ဆင့်ထောက်ခံမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ သားငါး၊သစ်တော၊ စက်မှုလက်မှု၊ လမ်းတံတား၊ ရထားပို့ဆောင်ရေး၊ လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား၊ ပညာရေး၊ နည်းပညာကဏ္ဍ၊ ကျန်းမာရေး ကဏ္ဍများ၌ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက် နေပြီး ဆက်လက်ဆောင်ရွက်နေဆဲ တိုင်းကျိုးပြည်ပြု လုပ်ငန်းအစီအစဉ်များ မည်ရွေ့မည်မျှ ရှိနေသည်ဆိုသည်ကိုလည်း စာရင်းအင်းနှင့်တကွ ထင်ထင်ရှားရှားဖော်ပြသွားသည်ကို သိရသည့်အတွက် မိမိတို့ အမိမြန်မာနိုင်ငံတော်ကြီးသည် မဝေးလှသော အချိန်တွင် ခေတ်မီနိုင်ငံတော်အဆင့်ကို တက်လှမ်းရောက်ရှိတော့မည်ဟု မျှော်မှန်းပြီး များစွာကျေနပ်အားရ ဖြစ်နေမိကြောင်း။

ဤနေရာတွင် မိမိတို့ဂုဏ်ယူစွာ ထပ်မံကောက်နုတ်ထောက်ခံတင်ပြလိုသည့်အချက်တစ်ချက် ရှိပါသေးကြောင်း၊ ယင်းမှာ မည်သည့်ခေတ် မည်သည့်အခါကနှင့်မျှမတူအောင် ထူးထူးခြားခြား တိုးတက်ဖွံ့ဖြိုးမှုရှိလာသော နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုများပင်ဖြစ်ကြောင်း၊ သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမများနေထိုင်ရာ နယ်စပ်ဒေသများနှင့်တကွ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်သည့် ဒေသများ၏ ဖွံ့ဖြိုးရေးကို တပ်မတော်အစိုးရက မေတ္တာရှေ့ထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်ပေးသည်မှာ ထင်ရှားလှပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြိုးပမ်းနိုင်ခဲ့သဖြင့် ရရှိဖြစ်ထွန်းလာခဲ့သည့် နယ်စပ်ဒေသများနှင့် တည်ငြိမ်အေးချမ်းမှု၏အကျိုးရလဒ်ကောင်းများ အနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လာ နိုင်ခဲ့ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများပိုမိုအလေး ထားအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လာနိုင်ရေးအတွက် နယ်စပ်ဒေသဆိုင်ရာ ဝန်ကြီးဌာနအသစ်ကိုလည်း ထပ်မံဖွဲ့စည်းပေးပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြင့်မားရေးတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မူလပထမက ငြိမ်းချမ်းရေးရရှိလာခဲ့သည့် နယ်မြေဒေသများ၌သာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းကာလတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခဲ့သော နိုင်ငံအဝန်း နယ်စပ်ဒေသများအားလုံးကို တိုးချဲ့လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုဆိုလျှင် နယ်စပ်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ပြည်နယ် ခုနစ်ခု၊ တိုင်း ခုနစ်ခု၌ရှိသည့် မြို့နယ် ၆၈ မြို့နယ် ပါဝင်သော ဒေသ ၁၈ ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ခန့်မှန်းခြေအားဖြင့် နယ်မြေဒေသ စတုရန်းမိုင် စုစုပေါင်း ရှစ်သောင်းသုံးထောင်ကျော်ကို လွှမ်းခြုံထားနိုင်ပြီး ဖြစ်ကြောင်း၊ ဤဒေသများအတွင်းတွင် တိုင်းရင်းသား ပြည်သူပေါင်း ငါးသန်းကျော်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းကဏ္ဍများသည်လည်း ဖွံ့ဖြိုးမှု နောက်ကျနေမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသော လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ သတ္တုရှာဖွေရေး စသည့် လုပ်ငန်းကဏ္ဍများ ဖြစ်သဖြင့် နယ်စပ်ဒေသနေ ပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် ဖြန့်ကြက်ပြီး စနစ်တကျဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ခဲ့သော ၁၉၈၉ ခုနှစ်ကစတင်ပြီး ၂၀၀၃ခုနှစ်အထိ ကာလအတွင်း နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းအဝဝအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း လေးသောင်းငါးထောင်ကျော်နှင့် အမေရိကန် ဒေါ်လာ သန်းငါးရာကျော် သုံးစွဲခဲ့ပြီးဖြစ်သကဲ့သို့ နယ်စပ်ဒေသများသည်လည်း ဘက်စုံကဏ္ဍစုံ၌ ထူးထူးခြားခြားဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ခွန်းတွင် ပါသည့်အတိုင်း နိုင်ငံတော်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံများ ဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကို ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီစနစ်အတွက် လိုအပ်သည့် အခြေခံအုတ်မြစ်များဖြစ်သည်ဟုလည်း ယုံကြည်ထားပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး မြန်မြန်ဆန်ဆန်ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေးအတွက် အပြန်အလှန်နားလည် ယုံကြည်မှုများဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြောင်း၊ ဤကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ခြင်းသည် သာမန်အားဖြင့်ကြည့်လျှင် အလွန်ခက်ခဲသည့် ဖြစ်ပေါ်မှုဖြစ်ကြောင်း၊ နှစ်ပေါင်း၄၀ကျော် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးချောင်းစီး တိုက်ပွဲပေါင်းများစွာ ဖြစ်ပွားခဲ့ကြပြီး နှစ်ဖက်စလုံး သေကျေထိခိုက်အသက်ဆုံးရှုံးမှုများ၊ ပြည်သူများ ဒုက္ခဆင်းရဲခံစားနေရမှုများ စသည့် အနိဋ္ဌာရုံဘဝက လွတ်မြောက်အောင် ဆောင်ရွက်ခဲ့ရခြင်းသည် မလွယ်ကူခြင်း အမှန်ပင်ဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက် အပြန်အလှန် လေးစားမှု၊ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုနှင့် ရိုးသား ဖြူစင်သော သဘောထားများဖြင့် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ အောင်မြင်ခဲ့ခြင်း ဖြစ်ကြောင်း။

ယခုအခါတွင် ဤအဖွဲ့များက တိုင်းရင်းသားခေါင်းဆောင်များသည် ၎င်းတို့၏ ဒေသတွင်းသာမက နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်နေပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါကြောင်း။

အားလုံးသိကြသည့်အတိုင်း ၁၉၉၂ခုနှစ်တွင် အမျိုးသားညီလာခံ ကျင်းပနိုင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားညီလာခံဆိုသည်မှာ အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် ပုံဖော်နိုင်ရန်ကျင့်သုံးရမည့် အခြေခံဥပဒေတစ်ခု ရေးဆွဲနိုင်ရန်အတွက် လိုအပ်သောအခြေခံမူများကို ဆွေးနွေးအဖြေရှာသည့် ညီလာခံဖြစ်ပါကြောင်း၊ ဤညီလာခံကြီးတွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံထားရသူများ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားခေါင်းဆောင်များသာမက အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လူထုလူတန်းစားပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း။

ကိုယ်စားလှယ်များကို အမျိုးသား ညီလာခံကြီးတွင် တရားဝင်ဆွေးနွေးခွင့်နှင့် ဆန္ဒဖော်ထုတ်နိုင်ခွင့် ပေးထားခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်က နိုင်ငံရေးစိတ်ပါဝင်စားသူများ မျှော်လင့်တောင့်တခဲ့ကြသည့် အမျိုးသားညီလာခံကြီးကို နိုင်ငံရေး အင်အားစုများ စုံစုံညီညီနှင့် ပါဝင်နိုင်အောင် စီစဉ်ဆောင်ရွက် အကောင်အထည်ဖော် ကျင်းပပေးခဲ့ခြင်းလည်း ဖြစ်ကြောင်း၊ ဤကဲ့သို့ အမျိုးသား ညီလာခံကြီးကို ကျင်းပပေးခြင်းသည် နောင်အနာဂတ်တွင် လူတန်းစား အားလုံး၏ ဆန္ဒသဘောထားနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းစေရန် ကျင်းပပေးခြင်းလည်းဖြစ်ကြောင်း။

သဘာပတိကြီးမိန့်ကြားခဲ့သည့်အတိုင်း မြေပေါ်နိုင်ငံရေးအင်အားစုတစ်ခုဖြစ်သော NLDပါတီသည် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်၏ အနာဂတ်ရေးကို အလေးမထား၊ ပစ်ပယ်လျစ်လျူရှုပြီး အမျိုးသားရေးထက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သဘောထားနှင့် မိမိပါတီတစ်ခုတည်း၏ အရေးကို ဦးစားပေးပြီး အမျိုးသားညီလာခံကြီးအပေါ် ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်လုပ်ဆောင်ခဲ့သည့်အတွက် နိုင်ငံရေးဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုကြိုးပမ်းချက်များသည် လမ်းတစ်ဝက်တွင်ပင် တုံ့ဆိုင်းသွားခဲ့ရကြောင်း။

မိမိတို့ နိုင်ငံအတွက် အမျိုးသား ညီလာခံအောင်မြင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်နေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်ပါမှ ထိုအမျိုးသားညီလာခံကြီးက ရရှိသည့် အခြေခံမူများကို အသုံးပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ရေးဆွဲနိုင်မည်ဖြစ်ပါကြောင်း၊ ပါတီစုံ၊ လူတန်းစားစုံ၊ အလွှာစုံပါဝင်သည့် အမျိုးသားညီလာခံကြီးက မွန်မြတ်မှန်ကန်ပြီး လိုလားအပ်သော ဦးတည်ချက်ခြောက်ရပ်နှင့်အညီ အလေးထားပြုစုလိုက်သည့် အခြေခံဥပဒေကြီးကို ပြည်သူတစ်ရပ်လုံးက သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲ ထောက်ခံကြမည်မှာ သေချာနေပါကြောင်း၊ ထို့ကြောင့် အမျိုးသား ညီလာခံကြီး ပြန်လည်ကျင်းပနိုင်ရေးသည် မြန်မာအမျိုးသားတို့၏ ပဓာနကျပြီး အရေးကြီးသည့် တာဝန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ကြားခဲ့သည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ဆင့်ကို တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်အောင် အကောင်အထည်ဖော်ပြီး စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေး ဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး တစ်ရာ ကျော်ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံ ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုး အသီးသီးသည် အေးချမ်းမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးမှု၊အဆင့်အတန်းများနှင့်အညီ အတူလက်တွဲနေထိုင်သွားကြရန် အရေးကြီးလှပါကြောင်း၊တိုင်းရင်းသား လူမျိုးများသည် ဥမကွဲသိုက်မပျက် နေထိုင်ကြရန် ပြည်ထောင်စုစိတ်ဓာတ် အခြေခိုင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၃-၂-၁၉၉၉ရက်တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်း ဆရာအတတ်သင် သင်တန်း အမှတ်စဉ် (၁၀)မှ သင်တန်းသား သင်တန်းသူများက တွေ့ဆုံဂါရဝပြု အခမ်းအနားတွင်"**ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသား လူမျိုးများ ရေးအစဉ်အဆက်ကစ၍ ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲနေထိုင်ခဲ့ကြသည့် နိုင်ငံတော်ကြီးဖြစ်ကြောင်း၊ ပြည်ပကျူးကျော် စွက်ဖက်မှုများ ကြုံတွေ့လာလျှင်လည်း အစဉ်လက်တွဲ ပူးပေါင်းကာကွယ်ကြသည့် အစဉ်အလာရှိကြောင်း၊ ထိုသို့ ချစ်ချစ်ခင်ခင် တစ်သွေးတည်း တစ်သားတည်းနေခဲ့ကြသောတိုင်းရင်းသား ညီအစ်ကိုများသည် ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်မှုအောက်တွင် သွေးထိုးသပ်လျှိုခံခဲ့ရမှုကြောင့် တစ်ဦးနှင့်တစ်ဦးအနေ စိမ်းလာပြီး အထင်အမြင် လွဲမှားမှုများ ပေါ်ပေါက်လာရာမှ တစ်ဆင့် ပဋိပက္ခအဆင့်အထိ ရောက်ရှိခဲ့ရကြောင်း၊ နှစ်ပေါင်းထောင် ချီ၍ ညီညီညွတ်ညွတ် လက်တွဲနေထိုင်ခဲ့ကြပါလျက် ကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့် သွေးကွဲခဲ့ရသည်ကို သင်ခန်းစာရယူပြီး တိုင်းရင်းသား ပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ပြန်လည်ဖြစ်ထွန်းရှင်သန်လာအောင် မောင်တို့မယ်တို့အနေဖြင့် တည်ဆောက်ပေးကြရမှာဖြစ်ကြောင်း၊ အုတ်တစ်ချပ် သဲတစ်ပွင့်မှသည် ခံ့ညားထည်ဝါသည့် ဗိမာန်ကြီးပေါ်ထွန်းလာနိုင်သည်ကို ပမာပြု၍ မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာ နယ်မြေဒေသတွင် တိုင်းရင်းသား ပြည်သူများ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ထက်မြက်ရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ မမေ့မလျော့ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြဖို့မှာကြားလိုကြောင်း**"ကို လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။ ထို့ကြောင့်လည်း တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ထက်မြက်ခိုင်မာ ပြီး အတူတကွနေထိုင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် မလွဲမသွေအဓိကလိုအပ်ချက်ဖြစ်ပါကြောင်း။ ခိုင်မာသည့်အခြေခံဥပဒေကြီး ပေါ်ထွက်လာရန် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း။ ပေါ်ပေါက်လာမည့် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်လည်း နိုင်ငံသားအားလုံးတွင်တာဝန်ရှိကြောင်းကို အလေးအနက်တင်ပြလိုကြောင်း။

ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးသည် ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းသွားရမည်ဖြစ်ပြီး အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေးကို ဆောင်ကြဉ်းသွားရမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

နိဂုံးချုပ်ပြောကြားလိုသည်မှာ အဆိုရှင် (ဦးအောင်နိုင်ဦး)တင်သွင်းသွားသည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေးအဆိုကို အလေးအနက်ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် သဘာပတိကမန္တလေးတိုင်း မန္တလေးမြို့၌ ယနေ့ကျင်းပသော နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကိုဆို ထောက်ခံပွဲ လူထုအစည်း အဝေးတွင် "နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး" အဆိုနှင့် စပ်လျဉ်း၍ လူထုအစည်းအဝေးသို့ တက်ရောက်လာကြသောပြည်သူလူထုကြီးထံမှ အတည်ပြုချက်ရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူညီကြသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ယနေ့မန္တလေးတိုင်း မန္တလေးမြို့၌ ကျင်းပသော လူထုအစည်းအဝေးက "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရန်" ဆုံးဖြတ်ကြောင်းကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက **"နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ဖော်ဆောင်ရေး" (အောင်ရမည်၊ အောင်ရမည်)၊" အမျိုးသားညီလာ ခံကျင်းပရေး" (အောင်ရမည်၊ အောင်ရမည်)၊ "ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေး" (အောင်ရမည်၊အောင်ရမည်)** ဟူသော ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြကာ လူထုအစည်းအဝေးကြီးကို နံနက် ၈ နာရီ မိနစ် ၂၀ တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ စိုက်ပျိုးမြေဧက ၁၁၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်ရန် ဧရာဝတီမြစ်မှ ရေကိုစုပ်တင်ပြီး ရေယူမည့် လောကနန္ဒာ မြစ်ရေတင်စီမံကိန်း၏ ရေတင်စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

စက်မှုကုမ္ပဏီလီမိတက် လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လှည့်လည်စစ်ဆေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တံခွန်သစ်အခြေခံစက်မှုကုမ္ပဏီလီမိတက်၏ သစ်အခြေခံလုပ်ငန်းများ ဆောင်ရွက်ရန် စက်ပစ္စည်းများ ရောက်ရှိမှုနှင့် တပ်ဆင်ပြီးစီးမှု အခြေအနေများ၊ အဆောက်အအုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ တံခွန်သစ်အခြေခံစက်မှုကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးနော်အောင်က ကုမ္ပဏီ၏ လုပ်ငန်းများဆောင်ရွက်နေမှု၊ သစ်အခြေခံစက်မှု လုပ်ငန်းများဆောင်ရွက်ရန် စက်ပစ္စည်းများ ရောက်ရှိမှုနှင့် တပ်ဆင်ပြီးစီးမှု၊ ထုတ်လုပ်သွားမည့် သစ်အချောထည် ပစ္စည်းများနှင့်

နိုင်ငံတော်၏မူဝါဒနှင့် လုပ်ငန်းလမ်းစဉ်များကို ရှင်းရှင်းလင်းလင်းသိမြင် ဖြောင့်မတ်မှန်ကန်စွာဖြင့် ဦးဆောင်မှုပြုပြီး လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဌာနဆိုင်ရာများအားတွေ့ဆုံမှာကြား

တွေ့ဆုံမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်းမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၂

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယတိုင်းမှူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မန္တလေးခရိုင်နှင့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မန္တလေးတိုင်း၏ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရည်ရွယ်ချက်ငါးရပ်ဖြင့်ဖော်ဆောင်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးလုပ်ငန်းသည် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသည့်လုပ်ငန်းဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြန်ကြားရေးလုပ်ငန်းများကို ရည်ရွယ်ချက် ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပြန်ကြားရေးလုပ်ငန်းများကို တတ်နိုင်သမျှ တိုးချဲ့ပြီး နယ်စပ်ဒေသများ ပါမကျန် Media Coverဖြစ်အောင် ဆောင်ရွက်ရေး၊ နိုင်ငံတကာသို့ပါ Mediaထိုးဖောက် Coverဖြစ်ရေး၊ မီဒီယာလုပ်ငန်းများကို သွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားလာအောင် ဆောင်ရွက်ရေးဟူသည့် ရှေ့လုပ်ငန်းစဉ်သုံးရပ် ချမှတ်၍လည်း လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဌာနဆိုင်ရာများက အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပြန်ကြားရေးလုပ်ငန်းများ အောင်မြင်မှုရရှိအောင် ကူညီဆောင်ရွက်စေလိုကြောင်းဖြင့်ပြောကြားသည်။

ဝိုင်းဝန်းကူညီ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းက နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားမှု၊ ဖြည့်ဆည်းပေးမှုများဖြင့် မြန်မာ့မီးရထားလုပ်ငန်းများ တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများတိုးတက်အောင်မြင်မှုရရှိရေးအတွက် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ဝိုင်းဝန်းကူညီပေါင်းစပ် ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးကသက်ရှည်ကျန်းမာသည့် နိုင်ငံသားများဖြစ်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုရှင်းလင်းပြောကြားသည်။

တည်ငြိမ်အေးချမ်းမှုရရှိ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပဏာမရှင်းလင်းပြောကြားပြီး နိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိရန်၊ လုံခြုံမှုရှိရန်၊ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်စေရန် ရှေးဦးစွာလိုအပ်ကြောင်း၊ အဆိုပါအချက်များ ပြည့်စုံရေးအတွက် ၁၉၈၈ခုနှစ်မှ ၁၉၉၂ခုနှစ်အထိတစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ ယနေ့နိုင်ငံတော်၏ အနေအထားမှာ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှုများ အထိုက်အလျောက်ရရှိနေပြီဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုရရှိပြီးနောက် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးတို့သည် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများဖြစ်ကြောင်း။

လမ်းညွှန်ထား

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးနိုင်သည့်ဧကများ တိုးတက်ရရှိအောင် ဆောင်ရွက်ရေး၊ သီးနှံအလိုက်အထွက်တိုးအောင် ဆောင်ရွက်ရေးတို့ကိုလည်း နိုင်ငံတော် အကြီးအကဲက လမ်းညွှန်မှုပြုထားပြီး ဖြစ်ကြောင်း။

အဓိကသီးနှံ၁၀မျိုးဖြစ်သည့် ဆန်စပါး၊ ဝါ၊ ကြံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံတို့ကိုသာမက ပြည်ပဈေးကွက်ရှိသည့် ကော်ဖီ၊ လက်ဖက်၊ ရော်ဘာ၊ နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာ၊ ဆီအုန်း၊ သစ်ဆိမ့်ပင်များကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

မန္တလေးတိုင်းအနေဖြင့် စိုက်ပျိုးမြေဧကတိုးချဲ့ခြင်းလုပ်ငန်း၊ သီးနှံအလိုက်အထွက်တိုးရေးလုပ်ငန်းတို့ကို ဦးစားပေးဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ အထူးသဖြင့်ဒေသဆန်ဖူလုံရေးအတွက် အလေးထားဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊နိုင်ငံတော်အနေဖြင့်လည်း မန္တလေးတိုင်း၏စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖြစ်နိုင်သည့်နည်းလမ်းများကိုဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လယ်ယာကဏ္ဍတစ်ခုတည်းကိုအားကိုးအားထားပြုနေ၍ မဖြစ်ကြောင်း၊ သားငါး၊ သစ်တော၊ သတ္တု၊ စွမ်းအင်ကဏ္ဍတို့ကလည်း စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာကိစ္စကိုလည်း ဆက်စပ်ပြောကြားလိုကြောင်း၊ ပြည်နယ်၊ တိုင်း၊ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် နိုင်ငံတော်က တာဝန်ပေးထားသည့် အမြင့်ဆုံးအုပ်ချုပ်ရေးအဖွဲ့များဖြစ်ရာ ဖြောင့်မတ်မှန်ကန်စွာဖြင့် ဦးဆောင်လမ်းညွှန်မှုများပြုပြီး လုပ်ငန်းများကို လုပ်ကိုင်သွားကြရန် အရေးကြီးကြောင်း။

မန္တလေးတိုင်းသည် နိုင်ငံတော်၏ ပြည်နယ်၊ တိုင်းများတွင် လူဦးရေအများဆုံးရှိသည့် တိုင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးပမာဏတွင် ကြီးမားသည့် အခန်းကဏ္ဍက ပါဝင်သည့်တိုင်းလည်း ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏စီမံကိန်းလုပ်ငန်းများ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်းအစီအစဉ်များ၊ ဒေသအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနအလိုက် ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး၊ ပစ္စည်း၊ အချိန်နှင့် လုပ်အားတို့ အလေအလွင့်၊ အဆုံးအရှုံးမရှိအောင် အချိန်တိုအတွင်းလုပ်ငန်းများကိုစံချိန်စံညွှန်းမီစွာဖြင့်ပြီးစီးအောင် စေတနာထား ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြို့ပြစည်ပင်သာယာရေးဂရုပြု

အလားတူ မြို့ခြံရှင်သာရေးကို လည်းအသေးအဖွဲဟူ၍သဘောမထားဘဲ အလေးထား ဂရုပြုဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်၏ မူဝါဒများ၊ လုပ်ငန်းစဉ်များကို ဌာနဆိုင်ရာများက ရှင်းရှင်းလင်းလင်း သိရှိခြင်းဖြင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှန်မှန်ကန်ကန် ရဲရဲတင်းတင်း ဆုံးဖြတ်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီးအခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်နေသည့် တံခွန်သစ်အခြေခံ စက်မှုကုမ္ပဏီလီမိတက်၏ သစ်အခြေခံလုပ်ငန်းများ ဆောင်ရွက်ရန် စက်တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စက်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေး မှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်နေသည့် တံခွန်သစ် အခြေခံ တင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်ထားမှု၊ရင်းနှီးမြှုပ်နှံဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းမှာကြားသည်။

ပြည်ပရောင်းချရန်စီစဉ်ထား

တံခွန်သစ်အခြေခံစက်မှု ကုမ္ပဏီလီမိတက်သည် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်၌ သစ်အခြေခံ စက်မှုလက်မှုလုပ်ငန်းများကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ဖက်စပ်ဆောင်ရွက်သွားမည်ဖြစ်သည်။သစ်အခြေခံ စက်မှုလုပ်ငန်းများကို ယခုနှစ် နှစ်ကုန်ပိုင်းမှ စတင်၍ စီးပွားဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပသို့ ရောင်းချသွားရန် စီစဉ်ထားကြောင်း သိရသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

စာမျက်နှာ ၁၃ မှ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းတည့်၁၂နာရီတွင်အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း မန္တလေးခရိုင်နှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များမှ တိုင်း၊ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များအားတွေ့ဆုံ၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ရည်ရွယ်ချက်များ၊စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေးတွင် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များက ကျရာကဏ္ဍက တက်တက်ကြွကြွပါဝင်ဆောင်ရွက်ရေးကိစ္စများကိုရှင်းလင်းပြောကြားပြီး တင်ပြ ချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ ဝင်များသည် ညနေပိုင်းတွင်မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပြည်ထဲရေးအသင်း အကြိုဗိုလ်လုပွဲတက်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် ၂၀၀၃ - ၂၀၀၄ ခုနှစ် ဘောလုံးရာသီ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဖလား အဆင့်မြင့်တန်း ကွင်းဖွင့် ဘောလုံးပြိုင်ပွဲ တတိယကွာတား ဖိုင်နယ်ပွဲစဉ်အဖြစ် ပြည်ထဲရေး အသင်းနှင့်မြို့တော်စည်ပင်အသင်း တို့ယှဉ်ပြိုင်ကစားရာ ပြည်ထဲရေး အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။

ပြည်ထဲရေး အသင်းအတွက် ပထမဂိုးကို ၁၉မိနစ်တွင် အလယ်တန်းလူနေမျိုးဂိုးရှေ့သို့အမြောက်ချပေးရာ တိုက်စစ်မှူး နေသူလှိုင်က ကန်သွင်းယူသည်။ မြို့တော် စည်ပင်အသင်းအတွက် ချေပဂိုးကို ၂၁ မိနစ်တွင် အောင်ဇော်မျိုး ထိုးပေးသည့်ဘောလုံးကိုသက်နိုင်ဦးက ကန်သွင်းယူသည်။

ပြည်ထဲရေးအသင်းက ချေပဂိုး အသွင်းခံရပြီးနောက် ကစားအား တင်ကစားလာသည်။ ၂၈ မိနစ်တွင် သန့်ဇင်မင်းအစားလူစားဝင်လာသည့်ခင်မောင်လွင်က ၁၈ ကိုက်စည်း အပြင်ဘက်မှ တိုက်ရိုက် ကန်သွင်းယူသဖြင့် ဒုတိယဂိုး ရရှိသည်။ တတိယဂိုးကို ၃၅ မိနစ်တွင် နေမျိုးအစား လူစားဝင်လာသည့် ဝင်းထိုက်က ကန်သွင်းယူသည်။

ဒုတိယပိုင်းတွင် မြို့တော်စည်ပင် အသင်းက ချေပဂိုး ရရှိရေးအတွက် အပြင်းအထန်ကြိုးစားသော်လည်း ပြည်ထဲရေး အသင်း နောက်တန်းလူများနှင့် ဂိုးသမားတို့ အစွမ်းပြ ကာကွယ်နိုင်မှုကြောင့် ထင်တိုင်းမပေါက်ခဲ့ပေ။ ပြည်ထဲရေးအသင်းက တန်ပြန်တိုက်စစ်မှ တစ်ဆင့် ဂိုးသွင်းခွင့်များ ထပ်မံရရှိသော်လည်း ဂိုးမဝင်ဘဲ ပွဲပြီးသွားသည်။

ယနေ့ပွဲအတွက် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပြည်ထဲရေး အသင်းမှ အသင်းခေါင်းဆောင် နေသူလှိုင်ကရရှိသည်။ပြည်ထဲရေး အသင်းသည် အကြိုဗိုလ်လုပွဲ တွင် တံခွန်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ စတုတ္ထကွာတား ဖိုင်နယ်ပွဲစဉ်အဖြစ် ကာကွယ်ရေး အသင်းနှင့် လယ်/ဆည်အသင်း တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ် သည်။ **(မြန်မာ့အလင်း)**

Student's Guide ပထဝီဝင်ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တက္ကသိုလ်၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး) များ စီစဉ်ရေးသားသည့် Student's Guide ဖြစ်သော ၂၀၀၃-၂၀၀၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း(ဒသမတန်း) ဖြေဆိုမည့်ကျောင်းသားကျောင်းသူများအတွက် ပထဝီဝင် ဘာသာရပ် သင်ရိုးကုန်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ရာ ဦးမင်းဦး (ဌာနမှူး)(သင်တန်းရေးရာ)တွဲနှင်းသဘင် အဆောက်အအုံ၊ ရန်ကုန်တက္ကသိုလ်၊ ဖုန်း-၅၃၆၅၀၃ သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပထမတန်းဘောလုံးပြိုင်ပွဲ လယ်ယာထွက်ကုန်အသင်း ဗိုလ်လုပွဲတက်

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ ပထမတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ယနေ့ညနေ၃နာရီခွဲတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့်ငွေဖုန်အသင်းတို့ အကြိုဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်ကစားကြရာ လယ်ယာထွက်ကုန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သိရသည်။ **(က-ပ)**

အဆင့်မြင့်တန်းကွင်းဖွင့်ဖလား တံခွန်အသင်းအကြိုဗိုလ်လုပွဲတက်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီအားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမကွာတားဖိုင်နယ်ပွဲအဖြစ် တံခွန်အသင်းနှင့် သစ်တောရေးရာအသင်းတို့ယှဉ်ပြိုင်ကစားကြရာ တံခွန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့တက် ရောက်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို တံခွန်အသင်းမှ ကျော်သီဟက ရရှိသည်။

(သတင်းစဉ်)

ကွန်ပျူတာစင်တာသင်တန်းများဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၂

စင်ကာပူနိုင်ငံ Informatics Holding Co.,Ltd. လက်အောက်ရှိ Informatics Computer School ၏ Master Franchise Centre ဖြစ်သော Informatics Computer Centre (ရွှေဂုံတိုင်) ကို ယခုလက်ရှိ ရွှေဂုံတိုင်လမ်းဆုံမှ မြေနီကုန်းပလာဇာ ဒုတိယထပ်သို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်သည်။ ၎င်း Centre တွင် အခြေခံကွန်ပျူတာသင်တန်း၊လုပ်ငန်းခွင်သုံးကွန်ပျူတာ သင်တန်းများ၊ Programming သင်တန်းများ၊ Engineering Drawing (Auto CAD) သင်တန်းများ၊ Graphics Design သင်တန်းများအပြင် နိုင်ငံတကာ အဆင့် ဒီပလိုမာ (DCS& ADCS) သင်တန်းများကိုလည်း ဖွင့်လှစ် ပို့ချပေးလျက်ရှိသည်။

သင်တန်း ပြောင်းရွှေ့ခြင်း အထိမ်းအမှတ်အဖြစ် သင်တန်းများအားလုံးအတွက် အထူးနှုန်းဖြင့် အောက်တိုဘာ ၃၁ ရက်နေ့အထိ လက်ခံ သင်ကြားပေးမည်ဖြစ်ရာ မြေနီကုန်း ပလာဇာ ဒုတိယထပ်၊ ဖုန်း-၇၀၆၇၄၀၊ ၅၅၈၄၁၄သို့ ဆက်သွယ်စုံစမ်း စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒါတွေကိုသိဗို့လိုတယ်

❖ မြောက်တိုင်းလည်း မမြောက်နဲ့

❖ ခြောက်တိုင်းလည်း မကြောက်နဲ့

❖ ချော့တိုင်းလည်း မပျော့နဲ့

အင်္ဂလန်ပွဲ အာဆင်နယ်ထိပ်ပြန်ရောက်

အင်္ဂလန်ပရီမီးယားရှစ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆)ကို စက်တင်ဘာ ၂၁ ရက်က ဆက်လက်ပြုလုပ်ရာ ချန်ပီယံမန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်တို့ ဂိုးမရှိသရေကျသောကြောင့် အာဆင်နယ် ၁၄ မှတ်ရကာ ထိပ်ဆုံးနေရာသို့ ပြန်ရောက်လာသည်။

မန်ယူနှင့်အာဆင်နယ်သရေပွဲ

မန်ချက်စတာကွင်းတွင် ထိပ်သီးနှစ်သင်း ယှဉ်ပြိုင်ကစားကြရာ ပရိသတ် ၆၇၆၃၉ ဦးလာကြည့်ပြီး မိနစ် ၈၀ တွင် အာဆင်နယ်မှ ပက်ထရစ်ဗီယာရာ ထုတ်ပယ်ခံရသည်။ မန်ယူပယ်နယ်တီကန်ခွင့်ရရာ နစ္စထယ်ရွိုင်း ကန်သွင်းသော်လည်း ဂိုးတန်းအောက်နှင့်ထိကာ ပြန်ထွက်သွားသည်။

ဘာရီးကွင်းပွဲတွင် မစ်ဒယ်လ်ဘစ်ရော့က အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ရာ မစ်ဒယ်လ်ဘရော့ ပထမဦးဆုံးအနိုင်ရသည့်ပွဲဖြစ်ကာ (၄)မှတ်ရနေသည်။

စပိန်ပြိုင်ပွဲ ဒီပို့တီဗိုထိပ်ဆုံး

စပိန်ပရီမီးယားလီဂါဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက် ဆက်လက်ပြုလုပ်ရာ ထိပ်ဆုံးမှ ဒီပို့တီဗိုက အောက်ဆုံးမှ အယ်ဘာစီတီကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ရာလေးပွဲစလုံး အနိုင်ရသောကြောင့် (၁၂)မှတ်ဖြင့် ထိပ်ဆုံးနေရာရောက်နေသည်။

ရီးယဲမက်ဒရစ်နိုင်ပွဲဆက်

ချန်ပီယံရီးယဲမက်ဒရစ်ကလည်း မာလာဂါကွင်းတွင် အိမ်ရှင်မာလာဂါကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရာ ရီးယဲမက်ဒရစ်ဂိုးများကို ရော်နယ်ဒို(၁၃မိနစ်)၊ ဒေးဗစ်ဘက်ခမ်(၇၂မိနစ်)နှင့် ဂူတီ (၈၆မိနစ်)တို့ သွင်းကြသည်။

ရီးယဲမက်ဒရစ်နှစ်ပွဲဆက်တိုက်နိုင်ပြီး ရှုံးပွဲမရှိ (၁၀)မှတ်ဖြင့် ဒုတိယနေရာရနေသည်။ ဗလင်စီယာ(၁၀)မှတ်ဖြင့် တတိယ၊ ရီးယဲဆိုဆီဒတ်နှင့် ဘာဆီလိုနာတို့လည်း ရှုံးပွဲမရှိကြဘဲ (၈)မှတ်စီရနေကြသည်။

အီတလီပြိုင်ပွဲ သရေပွဲများထွက်လာ

အီတလီစီးရီးအေပြိုင်ပွဲမှ ပွဲစဉ်(၃) ကို စက်တင်ဘာ၂၁ရက်က ဆက်လက် ပြုလုပ်ရာ တူရင်ကွင်းတွင် ထိပ်သီး နှစ်သင်းဖြစ်ကြသည့် ချန်ပီယံဂျူဗင်းတပ်နှင့် ထိပ်ဆုံးနေရာရောက်နေသူ ရိုးမားတို့ယှဉ်ပြိုင်ကစားရာ ပရိသတ် ၄၃၀၀၀ကျော်ရှေ့တွင် နှစ်ဂိုးစီသရေကျသဖြင့် (၇) မှတ်စီရကြပြီး ရိုးမားထိပ်ဆုံးမှာရှိနေကာ ဂျူဗင်းတပ် ဒုတိယရသွားသည်။

မီလန်နှစ်သင်းသရေပွဲများနှင့်တိုး

မီလန်ကွင်းတွင် အင်တာမီလန်နှင့်ဆမ့်ဒိုရီယာတို့ကစားရာ ဂိုးမရှိသရေကျသွားသည်။ ပရူးရားကွင်းတွင် အေစီမီလန်နှင့် တစ်ဂိုးစီသရေကျရာ မီလန်နှစ်သင်းစလုံး (၇)မှတ်စီရနေကြသည်။

နာမည်ကြီးလာဇီယိုကို ရောမကွင်းတွင် ပါးမားက သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ရာ ပါးမား(၇)မှတ်ရပြီး တတိယနေရာရနေသည်။ လာဇီယိုရှုံးကာ (၆)မှတ်ရနေသည်။ **(က-ပ)**

သမဝါယမစက်မှုထုတ်ကုန်ပြပွဲ မကွေးတိုင်းနှင့်ရောဝတီတိုင်း၌ကျင်းပမည်

GL CO-OP

ရန်ကုန် စက်တင်ဘာ ၂၂

မကွေးတိုင်းနှင့်ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ ခွင့်ပြုချက်ဖြင့် သမဝါယမ စက်မှုထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မကွေးမြို့ ခရိုင် အားကစားကွင်း၌ အောက်တိုဘာ ၈ရက်မှ ၁၂ရက်အထိလည်းကောင်း၊ တောင်တွင်းကြီးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ မြောင်းမြမြို့မ အားကစားကွင်း၌ နိုဝင်ဘာ ၁၉ရက်မှ ၂၃ ရက်အထိ လည်းကောင်း၊ ပုသိမ်မြို့ ကန်သာယာကွင်း၌ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ လည်းကောင်း၊ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ၅ရက်မှ ၉ရက်အထိလည်းကောင်းကျင်းပရန် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်း လီမိတက်က စီစဉ်ဆောင်ရွက်လျက် ရှိသည်။

ဈေးရောင်းပွဲတော်၌ဖိုးလပြည့်ကုမ္ပဏီလီမိတက်က အဓိက ပံ့ပိုးကူညီ၍ Scorpion C Plus, Lemon Tea Plus နှင့် 2 in 1အားဖြည့် အချိုရည်များကို ရောင်းချပေးသွားမည် ဖြစ်ပြီး ကျော်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးက တွဲဖက်ပံ့ပိုးကူညီကာ မကွေး မြသလွန်ဘုရားပွဲတော်ကြီး ကျင်းပချိန်တွင် ရွှေခြင်္သေ့ သမဝါယမအသင်းစက်မှု ထုတ်ကုန်ပြပွဲကိုတစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။ စက်မှုပြပွဲတွင် ပခုက္ကူ စက်မှုဇုန်၊ ရေနံချောင်း စက်မှုဇုန်၊ ဝင်းသူဇာ အရောင်းခန်းမကြီးများနှင့် မကွေးတိုင်း သမဝါယမ၏ အထူးအစီအစဉ်ဖြင့် မြို့နယ်သမဝါယမအသင်းများ ပါဝင်ပြသမည်ဖြစ်သည်။ ထို့အပြင် မကွေးတိုင်းမှ လှယဉ်ကျေးမယ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် ဆိုပျော်ပြိုင်ပွဲများနှင့် ကြော်ငြာသရုပ်ပြပွဲများ ပါဝင်မည်ဖြစ်သည်။

ပါဝင်ပြသရောင်းချလိုသူများသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမ အသင်းလီမိတက်၊ အဆောင်(၂)၊ မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး (စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၈၀၀၊ လိုင်းခွဲ-၃၉၄၊ ၄၀၈၊ ၂၄၀၆၀၀၊ လိုင်းခွဲ-၄၃၂၊ ရုံးချိန်ပြင်ပ ၆၃၅၂၆၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

မြတ်သပြေမိနီမတ်တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။	အရောင်းစာရေး (Sale Girls)	(မ)	(၇)ဦး
	ဆယ်တန်းအောင်ပြီး ဆက်ဆံရေးပြေပြစ်၍ ရုပ်ရည်သန့်ပြန့်ရမည်။		
၂။	စာရင်းကိုင် (Account)	(မ)	(၂)ဦး
	တရုတ်နှင့် အင်္ဂလိပ်ဘာသာရပ်စကား တစ်ခုခုကို ပြောဆိုနိုင်ပြီး စာရင်းအင်းအတွေ့အကြုံနှင့် လုပ်သက် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။		
၃။	ယာဉ်မောင်း (Driver)	(ကျား)	(၃)ဦး
	အသက်(၃၀-၅၀)နှစ်အတွင်း၊ ယာဉ်မောင်း ကျွမ်းကျင်သူဖြစ်ရမည်။		
၄။	လုံခြုံရေးဝန်ထမ်း	(ကျား)	(၃)ဦး
	အခြေခံပညာလယ်တန်းအောင်မြင်ပြီး၊ လုံခြုံရေးအတွေ့အကြုံရှိ၍ ကျန်းမာရေးကောင်းမွန်သူကို ဦးစားပေးမည်။		

လျှောက်ထားသူသည် လိုအပ်သော အထောက်အထား အပြည့်အစုံနှင့်အတူ (၇)ရက်အတွင်း အောက်ပါလိပ်စာတွင် လူကိုယ်တိုင် လာရောက်လျှောက်လွှာယူပြီး လျှောက်ထားနိုင်ပါသည်။ အလုပ်သမားမှတ်ပုံတင်ပါရှိရမည်။

Myat Tha Pyay Family Co.,Ltd.

No(77), Kabaraye Pagoda Road. (ပုလဲကွန်ဒိုမီနီယမ်ရှေ့)၊ Bahan Township Yangon.

စက်မှုကဏ္ဍအတွက် အရေးပါသော စက်သုံးဆီ

သတင်းဆောင်းပါး - ရဲမောင်
ဓာတ်ပုံ - မိုးဇော် (သမဝါယမ)

စက်သုံးဆီ တစ်မျိုးတစ်တန်းစားတည်းကို အင်ဂျင်အားလုံးမှာ အသုံးပြု၍ မရနိုင်သလို အင်ဂျင်တစ်မျိုးတည်းအတွက်လဲ စက်သုံးဆီ အားလုံးကို အသုံးပြု၍ မရနိုင်ကြောင်း ဦးကိုကိုအောင်က ရှင်းပြသည်။

ဦးကိုကိုအောင်သည်စက်မှုတက္ကသိုလ်မှ စက်မှုအင်ဂျင်နီယာဘွဲ့ ရရှိခဲ့သူ ဖြစ်သည်။ အော်တိုမိုဘိုင်းနှင့် ဘွဲ့ယူကျမ်းတင်သွင်း၍ အင်ဂျင်နီယာ ဘွဲ့ရယူခဲ့သူဖြစ်သည်။ အင်ဂျင်နီယာပညာဆိုင်ရာဘက်တွင် ပြည်တွင်းပြည်ပ အတွေ့အကြုံ၂၅နှစ်နီးပါးရှိသူဖြစ်သည်။

ဦးကိုကိုအောင်သည် Myanma Prastige International Co., Ltd.၏ မန်နေးဂျင်းဒါရိုက်တာဖြစ်ပြီး The Decorators' Group ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။သူ့ဝါသနာ၊ သူ့ကျွမ်းကျင်ရာနှင့် စေတနာတို့ ပေါင်းစပ်ကာ The Decorators' Group အတွက် Formula-1 Multibrand Lubricants အရောင်းပြခန်းကို ပြည် လမ်း၊ တက္ကသိုလ် စိန်ရတု ခန်းမနှင့် မျက်နှာချင်းဆိုင်တွင် ဩဂုတ်၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။ အရောင်းပြခန်းတွင်ဦးကိုကိုအောင်နှင့်တွေ့ဆုံခွင့်ရသည်။

မြန်မာနိုင်ငံမှာ လက်မှုလုပ်ငန်းက အစ စိုက်ပျိုးရေးလုပ်ငန်း၊တည်ဆောက်ရေးလုပ်ငန်း၊သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းမှသည် ကျေးရွာ လျှပ်စစ်မီးလင်းရေးအဆုံး လုပ်ငန်းတိုင်း စက်ယန္တရားများ တွင်ကျယ်စွာ အသုံးပြုနေကြပါတယ်။ အသုံးပြုနေကြတဲ့အင်ဂျင်ရဲ့သက်တမ်းဟာစက်သုံးဆီ အမျိုးအစားနဲ့ အတန်းအစားမှန်ကန်စွာရွေးချယ်နိုင်မှုအပေါ်အဓိကတည်မှီနေတာကြောင့် စက်သုံးဆီ ရွေးချယ်မှု မမှားရန် အလွန်အရေးကြီးပါတယ်.....။ ဟု ဦးကိုကိုအောင်က ဆက်လက်ရှင်းပြသည်။

ယာဉ်နှင့် စက်ကိရိယာများကို နည်းပညာ မြင့်မားစွာ ထုတ်လုပ်ထားသည့်အလျောက် အင်ဂျင်စွမ်းရည်တွေ ပိုမို ကောင်းမွန်လာရာ ထိုအင်ဂျင်များ သက်တမ်း အလျောက် အပြည့်အဝ သုံးစွဲနိုင်ရေးမှာ စက်သုံးဆီ အမျိုးအစားနှင့် အတန်းအစား မှန်ကန်စွာ ရွေးချယ်နိုင်မှုအပေါ် အဓိက တည်နေပေသည်။

စက်သုံးဆီ (Engine Oil)၊ဂီယာဝိုင် (Gear Oil)၊ စက်ဆီ (Machinery Oil) စသည်တို့သည် ချောဆီ (Lubricant) အုပ်စုတွင် ပါဝင်သည်။ စက်ပစ္စည်း အစိတ်အပိုင်းများ လည်ပတ်သည့်အခါ အချင်းချင်း ထိတွေ့ပွတ်တိုက်မှုကြောင့် ဖြစ်ပေါ်လာသော ပွန်းစားမှုများကို များစွာသက်သာစေရန်နှင့် စက်ပစ္စည်း အစိတ်အပိုင်းများ အပူလွန်ကဲခြင်းမှကာကွယ်ရန်အတွက် ချောဆီများကို အသုံးပြုကြရခြင်းဖြစ်သည်။

အင်ဂျင်ထုတ်လုပ်မှု နည်းပညာများ မြင့်မားတိုးတက်လာသလိုစက်သုံးဆီများကိုလည်း ထုတ်လုပ်သည့် အင်ဂျင်များနှင့် လိုက်လျောညီထွေ နည်းပညာမြင့်မားစွာ တိုးတက်ထုတ်လုပ်လာကြသည်။

စက်သုံးဆီများတွင် အမျိုးအစားနှင့် အတန်းအစားများ ကွဲပြားခြားနားစွာရှိနေသော်လည်း ယေဘုယျအားဖြင့် မိုနိုဂရိတ် (Mono-Grade) နှင့် မာလ်တီဂရိတ်(Multi-Grade)ဟူ၍ နှစ်မျိုး ခွဲခြားနိုင်သည်။

မိုနိုဂရိတ်မှာ အင်ဂျင်၏ အပူချိန် မည်မျှ ပြောင်းလဲ စေကာမူ စက်သုံးဆီ စေးပျစ်နှုန်းပြောင်းမသွားဘဲတစ်သမတ်တည်း ရှိနေသည်။

မာလ်တီဂရိတ်မှာ အင်ဂျင် အပူချိန် မြင့်လာသည့်အခါ စက်သုံးဆီကို ပိုပြီး စေးပျစ်ပေးပြီး အင်ဂျင်အေး သွားသည့်အခါစက်သုံးဆီကို လျော့ကျသွားသည့် အပူချိန်အလိုက်ကျဲပေးသည်။

အင်ဂျင်၏ အပူချိန်အနိမ့်အမြင့် အလိုက် စက်သုံးဆီ၏ စေးပျစ်နှုန်း အပျစ်အကျဲကို လိုသလို ထိန်းကျောင်းပေးသည်။

မာလ်တီဂရိတ်ထဲမှာပင် ရာသီဥတုဒဏ်မှ ကာကွယ်ပေးသည့် စက်သုံးဆီများ ထပ်မံ ထုတ်လုပ်လာကြသည်။ အအေးလွန်ကဲသော ဒေသများ၊ ရာသီဥတု၏သိပ်အေးသော ဆောင်းတွင်းညများတွင် အင်ဂျင်ထဲရှိ စက်သုံးဆီများ အေးခဲနေတတ်သည်။ နံနက်မိုးလင်းသည့်အခါစက်အနှိုးရခက်သည်။ ရာသီဥတု မည်မျှပင် အေးစေကာမူ စက်သုံးဆီခဲသည့် အဆင့်မရောက်သော အင်ဂျင်နှိုးရ လွယ်ကူသည့် (W)အမှတ်အသားပါ စက်သုံးဆီများ ထုတ်လုပ်လာကြသည်။

စက်အမျိုးအစားနှင့် အတန်းအစား ပြောပြလိုက်ရုံဖြင့် အသုံးပြုရမည့် စက်ဆီများ အလွယ်တကူရရှိနိုင်ရန် စက်သုံးဆီအမျိုးမျိုးကို ပြသထားစဉ်။

"ယာဉ်ပိုင်ရှင်၊ အင်ဂျင်စက်ပိုင်ရှင် ၉၀ရာခိုင်နှုန်းလောက်ဟာကိုယ့်အင်ဂျင်၊ ကိုယ့် မော်တော်ကားဟာ ဘယ်လို စက်သုံးဆီအမျိုးအစားနဲ့အတန်းအစားကို သုံးရမယ်ဆိုတာ မသိကြပါဘူး။ အင်ဂျင်နဲ့ မကိုက်ညီတဲ့ စက်သုံးဆီကို မှားယွင်း သုံးစွဲမိရင် တစ်ကြိမ်၊ နှစ်ကြိမ် စက်သုံးဆီ လဲတဲ့အခါ မသိသာပေမယ့် လေးငါး ခြောက်ကြိမ် မှားယွင်းလဲမိတဲ့အခါ အင်ဂျင်ဟာ မီးခိုးတွေ ထွက်လာမယ်။ ပစ္စတင်ကွင်းတွေ ညောင်းလာမယ်။ တောင်တက်တဲ့အခါ၊ ခရီးလမ်းကြမ်း သွားတဲ့အခါ၊ ရွံ့ထဲ၊ ရေထဲ ရုန်းတဲ့အခါ၊ လမ်းကျဉ်းကနေ လမ်းကျယ်ကို အလျင်စလို ဖြတ်ထွက်ရတဲ့အခါမျိုးတွေမှာ အင်ဂျင်စွမ်းရည်သိသိ သာသာ ကျနေတာကို တွေ့ရပါလိမ့်မယ်။

"အင်ဂျင်သက်တမ်း မကုန်သင့်ဘဲနဲ့ စက်သုံးဆီမှားယွင်းသုံးစွဲမိလို့သက်တမ်းကုန်သွားရတဲ့ အင်ဂျင်တွေ အများကြီး ရှိပါတယ်။ပြီးတော့ ဆည်မြောင်း တာတမံတည်ဆောက်ရေး လုပ်ငန်းတွေ၊ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းတွေ၊ သစ်ထုတ်လုပ်ရေး လုပ်ငန်းတွေမှာသုံးနေတဲ့ ယန္တရားစက်ကြီးတွေဟာ စွမ်းအားကြီးသလောက် ဝန်အားကြီးကြီးတွေ ထမ်းဆောင်နိုင်ကြပါတယ်။နှစ်ပေါင်း ၂၀၊ ၃၀လောက်အထိ အောင် ခိုင်းစေနိုင်ပါတယ်။ဒီ ယန္တရားစက်ကြီးတွေဟာ သာမန် စက်သုံးဆီများကိုသုံးစွဲမိရင် သုံးလေးနှစ်လောက်ပဲ သုံးရတော့မှာပါ။ အင်ဂျင်သက်တမ်းပြည့် သုံးစွဲချင်တယ်ဆိုရင် ဟဲဗီးဂျူတီအတွက် သုံးရတဲ့ စက်သုံးဆီမျိုးကိုသာ သုံးစွဲရမှာဖြစ်ပါတယ်"

ဦးကိုကိုအောင်က သဘောပေါက်အောင် ရှည်လျားစွာ ရှင်းပြသည်။

ခရီးအစမှ ခရီးအဆုံးအထိ မရပ်မနား လည်ပတ်ခုတ်မောင်းနေရသော မြစ်တွင်းနှင့် ပင်လယ်သွား ရေယာဉ်အင်ဂျင်များ၊စပါးခြွေလှေ့စက်၊ စပါးရိတ်စက်၊ ထွန်စက်၊ ထယ်ထိုးစက် စသည့် လယ်ယာလုပ်ငန်းသုံး အင်ဂျင်စက်များ၊လျှပ်စစ်ဓာတ်အားပေးစက်နှင့် ဂျင်နရေတာများ စသည့်တို့ကိုဘယ်လို စက်သုံးဆီမျိုးဖြင့်သင့်တော်မလဲဆိုတာ မှန်မှန်ကန်ကန်ရွေးချယ်သုံးစွဲစေခြင်းဖြင့် အင်ဂျင်များသက်တမ်းပြည့် စွမ်းအားပြည့် သုံးစွဲသွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

"ဒါက Coolentပါ။မော်တော်ကား အင်ဂျင်တွေမှာရေတိုင်ကီပါရှိပါတယ်။ သာမန်အားဖြင့် ရေဟာ ၁၀၀ဒီဂရီ စင်တီဂရိတ်မှာ ရေဆူပါတယ်။ခရီးဝေးသွားတဲ့အခါ အင်ဂျင်တစ်ခု အနေနဲ့ ၁၀၀ဒီဂရီစင်တီဂရိတ်ကိုခဏကလေးနဲ့ ရောက်သွားနိုင်ပါတယ်။ ရေဆူရင် အင်ဂျင်ဟာလေးသွားမယ်။အင်ဂျင်တွေ ကျပ်သွားမယ်။ ကားက မရုန်းတော့ဘူး။ဒီ Coolent ကို ထည့်သုံးမယ်ဆိုရင် ၁၀၀ ဒီဂရီ စင်တီဂရိတ်မှာ ဆူရမယ့်ရေဟာ ရေဆူမှတ် မြင့်သွားပြီးတော့ ရေဆူပြီး အင်ဂျင်အပူလွန်ကဲတာကို ထိန်းပေးနိုင်မှာ ဖြစ်ပါတယ်"

အရောင်းပြခန်းမှ မန်နေဂျာ ဒေါ်လှိုင်လှိုင်ဦးက ရှင်းပြသည်။ သူကပင်–

"အခု မော်တော်ကား အများစုမှာ ပေါ့ပေါ့လေးကွေ့နိုင်အောင် ပန့်အားကို သုံးတဲ့ ပါဝါစတီယာရင် သုံးလာကြပါတယ်။ ပါဝါပန့်ကို မှားယွင်းစွာ ဟိုက်ဒရောလစ်ဝိုင်တွေ ထည့်သုံးနေကြတာ တွေ့ရပါတယ်။ ဟိုက်ဒရောလစ်ဝိုင်ဟာ ဟိုက်ဒရောလစ် စွမ်းအားသုံးတဲ့ စက်တွေမှာသာသုံးရမှာ ဖြစ်ပါတယ်။ ပါဝါပန့်တွေမှာတော့ Dextron လို့ ခေါ်တဲ့ အော်တိုထရန်စမစ်ရှင်း ဝိုင်ကိုသာ ထည့်ရမှာပါ။ အော်တိုဂီယာ၊ အော်တိုမက်တစ်စစ္စတန်တွေမှာလဲ ဒီဆီကိုပဲ သုံးရမှာပါ" ထပ်မံရှင်းပြသည်။

"ဘရိတ်ဆီသည် သွားနေသည့် မော်တော်ကားအမြန်နှုန်းကို လျှော့ချခြင်း၊ လိုအပ်လျှင် ရပ်တန့်ခြင်းပြုနိုင်အောင်သုံးစွဲခြင်းဖြစ်ကြောင်း၊ ဘရိတ်ဆီ စွမ်းရည်များ လျော့နည်းနေလျှင် ဘရိတ်မမိတာတို့၊ဝါရှာပေါက်တာတို့၊ အသက်အန္တရာယ်ရှိနိုင်တာတို့ ဖြစ်နိုင်ကြောင်း၊ ဒါကြောင့် အလွယ်တကူရနိုင်တဲ့ ဘရိတ်ဆီများ မသုံးတဲ့ အရည်အသွေးမီ၊ အဆင့်မီသည့် ဘရိတ်ဆီများကိုသာရွေးချယ်သုံးစွဲသင့်ကြောင်း။

မော်တော်ကားတစ်စီးအတွက် ဘရိတ်ဆီ အရေးကြီးသလို အမဲဆီလဲ အရေးကြီးကြောင်း၊ ရှေ့ယက်ကားတွေမှာ ဒူးဆစ်လို့ခေါ်နေကြသည့် ယူနီဗာဆယ်ဂျိုင့် ပါရှိကြောင်း၊ ယူနီဗာဆယ်ဂျိုင့်များမှာလည်းပတ်မှုကိုအားပေးသလိုကွေ့သည့်ဒဏ်ကိုလဲခံရကြောင်း၊ ယူနီဗာဆယ်ဂျိုင့်တွင် သုံးသည့် အမဲဆီသည်အမျိုးအစားမကောင်းပါက ယူနီဗာဆယ် ဂျိုင့်သည် ခြောက်လအတွင်း သက်တမ်းကုန်သွားနိုင်ကြောင်း" အရောင်းပြခန်းမှ ဒေါ်နေခြည်မျိုးနှင့်ဒေါ်ခင်ပပမျိုးတို့က ဆက်လက် ရှင်းပြကြသည်။

"ဒါက Power Plus လို့ ခေါ်ပါတယ်။ ဓာတ်ဆီမှာရှိတဲ့ အော့ပ်တိန်းအဆင့်ကို မြှင့်ပေးတဲ့ဆီပါ။ဓာတ်ဆီထဲ ပါဝါပလပ်စ်ရောပြီး မောင်းမယ်ဆိုရင် ဆီကိုသန့်စင်ပေးပါတယ်။ ဆီတိုင်ကီထဲမှာရှိတဲ့ ကားလှုပ်တဲ့အတွက် အနယ်ထနေတဲ့ သံမှုန်သံမွှားနဲ့ အနယ်အနှစ်တွေအားလုံးကိုအနယ်ထိုင်စေပါတယ်။ ဓာတ်ဆီရဲ့ စွမ်းရည်ကို မြှင့်ပေးတဲ့အတွက် ကားရဲ့ဆွဲအား ပိုကောင်းပါတယ်။ ဆီစားနှုန်းလဲ သက်သာပါတယ် ......"ဟု ဒေါ်ခင်သီတာဝင်းက ရှင်းပြသည်။

"ဟောဒါက ဒီဇယ်ထရီးမင့်လို့ ခေါ်ပါတယ်။ ဒီဇယ်ဆီထဲမှာ သာမန်အားဖြင့် ဖယောင်း ပါဝင်ပါတယ်။ ဖယောင်းပါဝင်မှုများတဲ့ ဒီဇယ်ဆီမျိုး သုံးမိတဲ့အခါကျရင် ဖယောင်းတွေဟာ ပထမဒီဇယ်ဆီစစ်မှာပိတ်တယ်။ ဒီဇယ်ဆီစစ်က အမျိုးအစား ညံ့လို့ မစစ်နိုင်ရင် နော်ဇယ်ပေါက်ကို သွားပိတ်ပြန်တယ်။ နော်ဇယ်ပေါက်တွေ ပိတ်ပါများရင် ကားဟာ ဆွဲအားကျမယ်။ မောင်းရတာ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်မယ်။ ဒီဇယ်ထရီးမင့်ကို ထည့်ခြင်းအားဖြင့် ဖယောင်းတွေ ခဲနေတာ မဖြစ်ပေါ်စေတဲ့အပြင် အခြားအနယ်အနှစ်၊ အမှုန်အမွှားတွေပါ စစ်ထုတ်ပေးပြီး အင်ဂျင်ရဲ့စွမ်းရည်ပိုပြီး ထက်မြက်စေပါတယ် ....."ဟု ဦးထက်အောင်က ဒီဇယ်ထရီးမင့် အကျိုးပြုပုံကို ရှင်းပြသည်။

"ဒီဟာက အင်ဂျင် Flusing Oil ခေါ်တဲ့ အင်ဂျင်ဆေးတဲ့ ဆီတစ်မျိုးပါ။ အင်ဂျင်စွမ်းရည်ကျနေတဲ့ ကားတွေ၊ မော်ဒယ်လ်နိမ့်လို့ နှစ်ပေါင်းများစွာ၊ လက်ပေါင်းများစွာ သုံးခဲ့တဲ့ကားတွေ၊ ပိုင်ရှင်အဆက်ဆက်မှာ ရရာစက်သုံးဆီတွေနဲ့ လဲထည့်ခဲ့တဲ့ကားတွေမှာ ကာဗွန်ဂျိုးတွေ၊အနယ်အနှစ်တွေဟာ Sloove နံရံတွေမှာ ပစ္စတင်တွေထိပ်မှာ ပစ္စတင်ကွင်း (Ring)တွေ ကြားထဲမှာ၊ ကော့နက်တင်းရော့တွေ၊ ဂန်ဂျီပင်တွေ ကြားထဲမှာ ကပ်ငြိနေတတ်ပါတယ်။ စက်သုံးဆီမလဲခင် Flusing Oil ထည့်ပြီး ၁၀မိနစ်ခန့် စက်ကို နှိုးထားပေးရင် ဂျိုးတွေ၊ အနယ်အနှစ်တွေ အားလုံး အောက်ကို လျှော့ဆင်းသွားပြီးအင်ဂျင်ကို ဖွင့်စရာမလိုဘဲ အင်ဂျင်အတွင်း သန့်ရှင်းအောင် လုပ်နိုင်ပါတယ်..."ဟု ဦးကိုကိုအောင်က ဖြည့်စွက် ရှင်းပြသည်။

စက် သုံး ဆီ အမျိုး မျိုး ကို တွေ့ရစဉ်။

စက်သုံးဆီ မှားယွင်းမသုံးမိရအောင် ကား၏ မော်ဒယ်အင်ဂျင်အမျိုးအစားနှင့် အတန်းအစားအပေါ်မူတည်ပြီး ဘယ်အမျိုးအစားနှင့် အတန်းအစားမျိုး စက်သုံးဆီကို သုံးသင့်ကြောင်း အကြံပြုပေးသွားမှာ ဖြစ်သည်ဟုလည်း ဦးကိုကိုအောင်က ပြောပြသည်။

ယနေ့နိုင်ငံတော်တွင် ခေတ်မီစက်မှုကုန်ထုတ်လုပ်ငန်းများ အခြေခံသည့် စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းလာအောင် အားထည့် ဆောင်ရွက်လျက်ရှိ သည်။ နိုင်ငံပိုင်စက်မှု လုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအရည်အသွေးများ မြှင့်တင်ပေးပြီး စက်မှု ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသအလိုက် စက်မှု လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ရရှိနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ၏ စက်မှုဇုန်ကြီး ၁၈ ဇုန်နှင့် တိုးချဲ့စက်မှု ဇုန်များ တည်ထောင်ပေးလျက်ရှိသည်။

ပုဂ္ဂလိက စက်မှုဇုန်များမှ လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်မှု၊ အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်မှု၊ ကုန်ထုတ်စက်ရုံကြီးများအတွက် အပိုပစ္စည်းများ ထုတ်လုပ်မှုနှင့် စက်ရုံငယ်များ တည်ထောင်နိုင်သည်အထိ တိုးတက်နေကြပြီဖြစ်သည်။

နိုင်ငံတော်ပိုင် စက်ရုံသစ် အကြီး၊ အလတ်၊အသေးပေါင်း ၂၅၇ ခု တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍအနေဖြင့်စက်ရုံပေါင်း၂၄၂၉၃ခုတိုးတက်ဖြစ်ထွန်းနေပေပြီ။

၁၉၈၈ ခုနှစ်ကာလက နိုင်ငံပိုင်ရော ပုဂ္ဂလိကပိုင်ပါ စက်ရုံပေါင်း ၂၇၄၃၀ ခုရှိခဲ့ရာမှ ယခု စက်ရုံပေါင်း ၅၁၉၈၀ ခု ရှိနေပြီဖြစ်သည်။ စက်မှုကဏ္ဍမြှင့်တင်ရေး ကြိုးပမ်းချက်များ၏ အောင်မြင်မှုများဖြစ်သည်။

စက်နှင့်စက်ဆီ၊ ချောဆီ များသည် ခွဲခြားမရသော တွဲဖက်ပစ္စည်းများ ဖြစ်သည်။ မရှိမဖြစ် မသုံးမဖြစ် ပစ္စည်းများ ဖြစ်သည်။

စက်နှင့် တွဲဖက် အသုံးပြုရသည့် စက်ဆီ၊ ချောဆီများ၏ အမျိုးအစားနှင့် အတန်းအစား မှန်ကန် ကိုက်ညီဖို့ အလွန်အရေးကြီး သည်။ Formula-1 Multibrand Lubricants အရောင်းပြခန်းသည် စက်မှုကဏ္ဍမြှင့်တင်ရေး ကြိုးပမ်းရာတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင် ထမ်းဆောင်လျက်ရှိပါကြောင်း သတင်းပါးအပ်ပါသတည်း။ ။

ထွေ/ အုပ်ဦးစီးတာဝန် မွမ်းမံသင်တန်းဖွင့်

ပခုက္ကူ ဩဂုတ် ၂၀

ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဦးစီးတာဝန် မွမ်းမံသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၈နှင့်၁၉ရက်များက ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက အမှာစကားပြောကြားသည်။

သင်တန်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဒုတိယဦးစီးဌာနမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

(၄၁၃)

တပ် ကုန်း မြို့ ကျားသေအိုင်အုပ်စု သူဌေးကုန်းကျေးရွာ ထိပ်ရှိ လောကချမ်းသာ ရတနာရုံ စေတီတော်မြတ်ကြီး၌ ပ နာ ပိတ် ပွဲ နှင့် ရွှေထီး တော်တင်လှူပူဇော်ပွဲကို စက်တင်ဘာ ၁၀ ရက် (၁၃၆၅ ခုတော်သလင်းလပြည့် နေ့) က ကျင်းပရာ ရွာဦး ကျောင်း ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍညနှင့် ထီးအလှူရှင် ဒေါ်မိငယ်နှင့် မြေးတစ်စု၊ ရွာသူရွာသားများ စုပေါင်း ထီးတော် တင်လှူကြစဉ်။

(၂၆၆)



ကချင်ပြည်နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြစ်ကြီးနားမြို့၌ကျင်းပ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ အဖွင့်အမှာစကားပြောကြား

မြစ်ကြီးနား စက်တင်ဘာ ၂၀

ကချင်ပြည်နယ် ကောဒသမအကြိမ် (၁၁ကြိမ်)မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေက ကချင် ပြည်နယ် ကောဒသမအကြိမ် (၁၁ကြိမ်)မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးရဲမြင့်က ယခင်နှစ် ဗဟိုအဆင့်ပြိုင်ပွဲ ဆုရရှိမှုအခြေအနေများနှင့် ပြိုင်ပွဲကျင်းပမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုအဆင့် ပြိုင်ပွဲဝင်များက အကများဖြင့် ဖျော်ဖြေ တင်ဆက်ကပြကြသည်။ **(သတင်းစဉ်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဩဂုတ် ၉ ရက်က ဒိုက်ဦးနှင့်ပြွန်တန်ဆာဘူတာတွင် ခရီးသည်များ နှောင့်နှေးကြန့်ကြာမှုမရှိအောင် ကူညီဆောင်ရွက်ပေးခဲ့သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် မော်တော်ယာဉ်အသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲတွင်မြန်မာ့မီးရထား(အောက်မြန်မာပြည်)အထွေထွေမန်နေဂျာဦးမြင့်ဝေက ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်အား ဂုဏ်ပြုလွှာပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ် ဟင်းခွက်အိုင်ကျေးရွာ၌ ကျောင်းဆောင်သစ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၅

ကျောက်ပန်းတောင်းမြို့နယ် ဟင်းခွက်အိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၄ရက်နံနက်က ကျောင်းဆောင်သစ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို အလှူရှင်မိသားစုကိုယ်စား ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေနှင့် ကျောင်းအုပ်ဆရာကြီး ဦးတင်လေးမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အလှူရှင်များကိုယ်စား ဦးကျော်မြင့်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ပေ၃၀နှင့် အမြင့် ၁၂ပေရှိပြီး ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ ဦးထွန်းဖေ-ဒေါ်ခင်မြင့်မိသားစု(အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးခင်ဦး-ဒေါ်သန်းသန်းမိသားစုနှင့် ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေ-ဒေါက်တာ ဒေါ်တင်ဌေးမိသားစုတို့က စုပေါင်းလှူဒါန်းကြခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

သာယာဝတီမြို့ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်ကျောင်းကျန်းမာရေး ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက်နံနက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းတလထောက ထူးချွန်ဆုရ သုံးဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဦးမောင်မောင်မြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲ

ရမည်းသင်း စက်တင်ဘာ ၁၂

ရမည်းသင်း ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲကို စက်တင်ဘာ ၁၂ရက် နံနက်က ရွာတန်းကျေးရွာအုပ်စု တိန်းညက်ကုန်းကျေးရွာ မူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမောင်ကိုက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးမှု အခြေအနေများကို ဟောပြောသည်။

အလားတူပင် စက်တင်ဘာ ၁၃ရက်က အနောက်အုပ်ဖိုအုပ်စု၊ အရှေ့အုပ်ဖိုကျေးရွာ၌ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ ကျေးလက်ပြည်သူနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ **(ခရိုင် ပြန်/ဆက်)**

တာချီလိတ်မြို့နယ် မိုင်းဖုန်း (ခ)ကျေးရွာအုပ်စု ဖေလေလန်စံပြကျေးရွာတွင် ဩဂုတ် ၁၂ရက်က စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့်အဖွဲ့ဝင်များ လမ်းဘေးဝဲယာရှိ ချုံနွယ်နှင့်ပေါင်းမြက်များကို စုပေါင်းရှင်းလင်းကြစဉ်။ **(ခရိုင် ပြန်/ဆက်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးသံတွဲ၌သင်တန်းဖွင့်

သံတွဲ စက်တင်ဘာ ၁၆

သံတွဲခရိုင် မြေစာရင်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲကို ဩဂုတ်၃၁ ရက် နံနက်က သံတွဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သံတွဲခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးခင်မောင်သန်းနှင့် ခရိုင် မြေစာရင်း ဦးစီးဌာနမှူး ဦးကျော်ခိုင်တို့က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းသို့ ခရိုင်နှင့်မြို့နယ်အလိုက် လုပ်ငန်းကော်မတီဝင်များ၊ သင်တန်းနည်းပြနှင့်သင်တန်းသားများ၊စာရင်းစစ်နှင့်စာရင်းကောက် ၆၀ တက်ရောက်ကြပြီး စက်တင်ဘာ ၄ရက်အထိ တာဝန်ရှိ သူများက စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဩဂုတ် ၁၁ရက်က တောင်သာမြို့ သန့်ရှင်းသာယာရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဒေါ်ချိုချိုနှင့် ဝန်ထမ်းများ စုပေါင်း၍ မိတ္ထီလာ လမ်းဘေးဝဲယာတစ်လျှောက်၌ ပန်းအလှပင်နှင့် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (နယ်စပ်စည်ပင်)

နှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုချီးမြှင့်

ခင်ဦး စက်တင်ဘာ ၁၀

ခင်ဦးမြို့နယ် သာဝတ္တိကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် တွဲဖက်အလယ်တန်းကျောင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးခင်ကိုကြီးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဝေတို့က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အတန်းပိုင်ဆရာမ ဒေါ်ဝင်းဝင်းရွှေက သူငယ်တန်းမှ တတိယတန်းအထိ ဆက်တိုက် ပထမရရှိသော မောင်မင်းထက်မြင့်အား ပညာရည်ချွန်ဆုချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

ဂီတဥယျာဉ် အမှတ် ၁၄၉၊ ၃၁လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသော ဂီတဥယျာဉ် ဦးတင်အေး(ထားဝယ်)၏ မြန်မာ့ စောင်းစာအုပ်မျက်နှာဖုံး။

(က-ပ)

မြန်မာ့အသံ

၂၃-၉-၂၀၀၃
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်

နေ့လယ်ပိုင်း

၁၀:၀၀ ကောဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာရန် ဓမ္မပူဇာတေး
၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁:၃၀ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက်(ဓားကပြောသော အမျိုးသားရေးရာစိတ်ဓာတ်များ- အုန်းလွင်-စာပေဗိမာန်)
၁၂:၀၀ သူ့အတွေးနဲ့သူ့အရေး (ကျေဇူးတရား-အောင်သိန်းဟန်)
၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ရောင်းရန်ရှိသည်)
၁၂:၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ (နိုင်ငံတော်၏ နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် သတ္တမတန်း(ပြည်ထောင်စုစိတ်ဓာတ်)

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (လှနိုင်ကြပါစေ)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် [အားကစားနဲ့လေ့ကျင့်ရေး ဦးဉာဏ်ထွန်း-ညွှန်မှူး(အား/က)]
၁၇:၅၀ သောတရှင်အတွက်ပြန်ကြားချက်
၁၈:၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ဆီးဖြူပင်)
၁၈:၃၀ ခရီးသွားစကားဝိုင်း(ညှော်လမ်းညွှန်များ၏ဝန်ဆောင်မှုအတတ်ပညာ)
၂၀:၃၀ ကလေးများ၏ပုံပြောပြိုင်ပွဲအစီအစဉ်

မြို့တော်သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများစုပေါင်း၍ ယမန်နေ့ နံနက်ပိုင်းတွင် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်လံကြည့်ရှု အားပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်အစပ် ကမ်းနားလမ်းမကြီးနှင့် ကွင်းကျောင်းချောင်းရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် နုန်းများဆယ်ယူနေမှု အခြေအနေများနှင့် အလုံမြို့နယ် ဂဠုန်မင်းရပ်ကွက်အတွင်း စနစ်တကျသန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လှိုင်မြို့နယ် မြကန်သာအိမ်ရာဝင်းအနီး ပိတောက်ချောင်းရေစီးရေလာကောင်းမွန်စေရေးအမှိုက်နှင့် နုန်းများဆယ်ယူနေမှု အခြေအနေများကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ဗဟိုလမ်းသို့ ရောက်ရှိလာပြီး သမိုင်းချောင်းရေစီးရေလာ ကောင်းမွန်စေရေး အမှိုက်နှင့် နုန်းများ ဆယ်ယူနေမှု အခြေအနေများနှင့် ဗဟိုလမ်း ဘေးဝဲယာနှင့် မြို့ပတ်ရထား လမ်းဘေးဝဲယာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းဆုံအနီး ရေပေါက်ကြည်ချောင်းရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် နုန်းများဆယ်ယူနေမှု အခြေအနေများကိုလည်းကောင်း၊တာမွေမြို့နယ်ဘိုလိန်းအောင်မင်္ဂလာရပ်ကွက်၌ မြို့ပတ်ချောင်း ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် နုန်းများ ဆယ်ယူနေမှုနှင့် ကမ်းနဖူးသန့်ရှင်းသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရေနုတ်မြောင်းမကြီးများနှင့် ချောင်းကမ်းပါးများ၌ ဆက်လက်ဆောင်ရွက်မည့် ကွန်ကရစ်ရေထိန်းနံရံနှင့် ကျောက်စီနံရံပြုလုပ်ခြင်း လုပ်ငန်းများ တစ်ချောင်းပြီးတစ်ချောင်း၊ တစ်မြောင်းပြီးတစ်မြောင်း ပြုလုပ်ပြီး နောင်တွင် အားလုံးပြီးစီးရေးလုပ်ဆောင်ရန်နှင့် ချောင်းများအနီး နေထိုင်လျက်ရှိသည့် ပြည်သူများက ရေမြောင်းများပိတ်ဆို့မှုမရှိစေရန် အမှိုက်များ မြောင်းများအတွင်း မပစ်ချရေးနှင့် စနစ်တကျ စွန့်ပစ်ရေးတို့ကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်း ကြပ်မတ်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကန်တော်မင်္ဂလာလမ်းနှင့် ရတနာလမ်းဆုံ အောင်ဇေယျမိစေတီအနီး လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ စနစ်တကျ တူးဖော်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် တပင်ရွှေထီးလမ်းဆုံ ရေမြောင်းရှင်းလင်းခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် တော်ဝင်လမ်းနှင့် ရာဇဓိရာဇ်လမ်းကြား ဘုရင့်နောင်လမ်းမကြီး ဘေးဝဲယာ ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်စေရေး အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှုအခြေအနေများကို လည်းကောင်း၊ လှိုင်သာယာမြို့နယ် ဆင်ဖြူရှင်လမ်းနှင့် ရွှေပြည်သာ တံတားလမ်းကြား ညောင်တုန်းလမ်းမကြီးဘေးရှိ ရေနုတ်မြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မြို့သစ်များတွင် သန့်ရှင်းရေး၊ ရေမဝပ်စေရေး၊ ရေနုတ်မြောင်းကြီးများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အထူးလုပ်ငန်းတစ်ရပ်အဖြစ် စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်အစပ် ကွင်းကျောင်းချောင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရကတ)

စက်တင်ဘာ ၁၉ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနသို့ မြန်မာဆိုင်းဝိုင်းကြီး (မြဆိုင်း) နှင့် မှန်စီရွှေချ ပတ္တလားတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Li Jinjun လက်ခံစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဂုဏ်ပြုကြိုဆို ကမ္ဘာအေးကုန်းမြေ စိမ်းလန်းစိုပြည်ရေး လုပ်အားဒါနပြု

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကမ္ဘာအေးကုန်းမြေပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်အားဒါနပြုလုပ်ပွဲကို ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါ လုပ်အားဒါနပြုပွဲတွင် သာသနာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့မှ ဝန်ထမ်းများ၊ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်မှမြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအပါအဝင် စုစုပေါင်း ၄၅၀ကျော်တို့က မဟာပါသာဏလိုဏ်ဂူဝန်းကျင်နှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီးရုံး ပတ်ဝန်းကျင်တို့၌သန့်ရှင်းသာယာရေးအတွက် ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်းနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက်ပျိုးခြင်း လုပ်ငန်းများကို တပျော်တပါး စုပေါင်းလုပ်အားဒါနပြုကြရာသာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လှည့်လည်ကြည့်ရှုအားပေးပြီး နံနက် ၈ နာရီတွင် ကမ္ဘာအေးကုန်းမြေမှပြန်လည်ထွက်ခွာသွားသည်။

ကမ္ဘာအေးကုန်းမြေ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့်သန့်ရှင်းသာယာလှပရေးအတွက် လုပ်အားဒါနပြုလုပ်ပွဲကို အပတ်စဉ် စနေနေ့တိုင်း ကျင်းပမည်ဖြစ်ရာ ပါဝင်ကူသိလ်ယူ လုပ်အားဒါနပြုလိုသူများသည်တစ်ဦးချင်းအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ သစ်တောရေးရာဝန်ကြီးဌာနသစ်တောဦးစီးဌာနနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်းသိရသည်။**(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက်သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီ ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည်ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြို့မဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားအတွက် လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၁

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဘိုးဘွားရိပ်သာများနှင့် အဘိုးအဘွားများအား အလှူငွေများ လှူဒါန်းရန် အစီအစဉ်ရှိသဖြင့် စေတနာရှင်များသည်အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကျင်းပရေးလုပ်ငန်းကော်မတီ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၆၄)ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၆၆၂၅၉၁၊ ၆၆၂၅၈၉၊ ၆၆၂၅၈၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၆ ရက်က ဘိုကလေးမြို့၊ မြို့မ(၂)ရပ်ကွက်၊ ရေဖြူကန် သောက်ရေကန် သန့်ရှင်းစေရေးအတွက် ခြံစည်းရိုး ကာရံမှုကို တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကိုဦးနှင့် အမှုဆောင်အရာရှိ ဦးသန်းဝင်းတို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတကာ အဆင့်မီ
ရွှေနန်းတော်
အာမခံ စိန်ရွှေရတနာဆိုင်
ဖွင့်လှစ်ခြင်း (၁၀) နှစ်ပြည့်အထိမ်းအမှတ်
အထူးအစီအစဉ်/အထူးသတင်းကောင်း

အောက်တိုဘာ ၃ ရက်နေ့ ဖွင့်ပြီ
Golden Palace Diamond Card
■E-mail : snt@mysnmar.com.mm
■Website : www.goldenpalacejewellery.com

အမည်ပြောင်း

အဖ ဦးရဲနိုင်ရှိန်း၏သမီး မှော်ဘီ အထက(၁)၊ဒသမတန်း(ခ)မှ မပန်း အိဖြူအား ယနေ့မှစ၍ မဖြူဖြူရှိန်းဟု ပြောင်းလဲခေါ်ပါရန်။

မဖြူဖြူရှိန်း

အမည်ပြောင်း

အဖ ဦးခင်မောင်ဝင်း၏ သမီး စမ်းချောင်း အထက၊ဒသမတန်း (G)မှ မလဲ့ရည်ဝင်း ၁၂/စခန(နိုင်) ၀၆၃၂၈၃အား မအေးချမ်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးချမ်းမြတ်**

ကျေးဇူးတင်ရှိခြင်း

ကိုကျော်ကျော်နိုင် အသက်(၂၉)နှစ်

B.sc (Chem)(သရုပ်ပြ–ဓာတုဗေဒ) ကျိုင်းတုံဒီဂရီကောလိပ်

၂၀-၈-၂၀၀၃ ရက်တွင်ကွယ်လွန်သွားသော ကိုကျော်ကျော်နိုင်နာမကျန်းဖြစ်စဉ်နှင့် နာရေးကိစ္စတွင် မေတ္တာဖြင့်ကူညီစောင့်ရှောက်ပေးသော အရှေ့ပိုင်းတိုင်း တိုင်းမှူးအားလည်း ကောင်း၊ ကျိုင်းတုံ ဒီဂရီကောလိပ်ကျောင်းအုပ်ဆရာကြီးအားလည်းကောင်း၊ ပါမောက္ခကထိက ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျောင်းသူ ကျောင်းသား၊ဈေးသူ ဈေးသား၊မြို့သူမြို့သားများနှင့် အာဏာပိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားကျေးဇူးတင်ရှိပါ ကြောင်း။

ကျန်ရစ်သူမိသားစု။

ကြော်ငြာစာ

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃

ရန်ကုန်တိုင်းတရားရုံးတော်၌

၂၀၀၃ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ် – ၂၉၇

(ကွယ်လွန်သူ ဒေါက်တာတွမ်လမက်ချ်၊(စီဂျေ–၀၃၉၁၁၈) ကိုင်ဆောင်သူ အမှတ် ၆၅၊ ရတနာလမ်းသွယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း) တွင်နေထိုင်ခဲ့သူ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှုတွင် အထက်ပါလိပ်စာ၌ နေထိုင်ခဲ့သူ ကွယ်လွန်သူ ဒေါက်တာတွမ်လမက်ချ်၏ သေတမ်းစာ အတည်ပြုချက်လက်မှတ် ထုတ်ပေးပါမည်အကြောင်းနှင့် မစ္စတာအက်စ်အိပ်ချ်ပီတားစ် (အမှတ်–၇၄၊ ပထမထပ်၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်တိုင်း) နေထိုင်သူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် (၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်)နေ့ နံနက် ၁၀နာရီအချိန်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါက်တာတွမ်လမက်ချ်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော အထက်ပါရုံးချိန်နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့်သေတမ်းစာအတည်ပြုချက်လက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးကဆိုခဲ့သော မစ္စတာအက်စ်အိပ်ချ်ပီတားစ်၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်းညွန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး

ပခုက္ကူတက္ကသိုလ် ဒုတိယအကြိမ်ဘွဲ့နှင်းသဘင် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ပခုက္ကူတက္ကသိုလ်မှ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တွင် ဝိဇ္ဇာ/သိပ္ပံဘွဲ့ (စနစ်ဟောင်း)နှင့် ဝိဇ္ဇာ/ သိပ္ပံဘွဲ့(စနစ်သစ်) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ပခုက္ကူတက္ကသိုလ်၏ ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်တက်ရောက်ရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများကို တင်သွင်းလျှောက်ထားနိုင်သည်။

ဘွဲ့နှင်းသဘင်ကြေး

တက်ရောက်ဘွဲ့ကြေး	၁၅၀၀ ကျပ်(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး	၁၀၀၀ ကျပ်(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်သွင်းရမည့်ရက်	(၁–၁၀–၂၀၀၃)ရက်နေ့မှ (၃၁–၁၀–၂၀၀၃)ရက်နေ့ထိ

မှတ်ချက်

၁။ သတ်မှတ်လျှောက်လွှာပုံစံကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲမှ ဝယ်ယူဖြည့်စွက်ပြီး လျှောက်ထားရမည်။
၂။ လွန်ခဲ့သည့် ၃ လအတွင်းတွင် ရိုက်ကူးထားသော (၂.၅ လက်မ X ၂ လက်မ) ဓာတ်ပုံ သုံးပုံ ပူးတွဲ၍ လျှောက်ထားရမည်။
၃။ ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့် ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာ ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်ရမည်။
၄။ သတ်မှတ်ဘွဲ့ကြေးများကို ပခုက္ကူတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်။
၅။ ရပ်ဝေးမှပေးပို့သူများသည် စာတိုက်ငွေပို့လွှာ(Postal Money order) ဖြင့်သာ ပေးပို့ရမည် ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် 'ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း'ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ စသည်များကို တိကျစွာဖော်ပြ၍ ပါမောက္ခချုပ်၊ ပခုက္ကူတက္ကသိုလ်သို့ လိပ်မူလျှောက်ထားရမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။
၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးမည့် အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။
၇။ အသေးစိတ်အချက်အလက်များကို ပခုက္ကူတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲ တယ်လီဖုန်းအမှတ် ၀၆၂–၂၁၁၇၈ တွင် စုံစမ်းနိုင်ပါသည်။

(ပုံ)
မော်ကွန်းထိန်း
ပခုက္ကူတက္ကသိုလ်

MAA
CAT Level A, B
Computer Based Examination
ACCA Paper 1.1, 1.2
STARTING DATE - 18 SEP 2003
Call 250 501/2 for more details

ENGLISH (U.M.H)

Contact Lens

ဘုရား၊ ရဟန်းအမ

ဒေါ်ခင်ခင်တင့် (IVY)

(မော်လမြိုင်မြို့)

အသက်(၇၅)နှစ်

(ဦးထွန်းကြည်-ဒေါ်တင်မေ)တို့၏သမီး၊ ဒေါ်ခင်ခင်စီ၏ညီမ၊ အမှတ် ၁၂(က)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဗိုလ်မှူးလှမြင့် (ငြိမ်း၊ညွှန်ကြားရေးမှူး၊ငြိမ်း၊TSC)၏ဇနီး၊ ဦးဝင်းထင် (MD,May Development Co.,Ltd.)-ဒေါ်မေပြုံးမြင့်၊ ဒေါက်တာလှဘုန်း(ခေတ္တ-USA)-ဒေါ်အိန္ဒြာထွန်းတို့၏မိခင်၊ ယုယုဝင်းထင်၊ ယမင်းခင်ဘုန်း (Michelle)၊ Therinတို့၏အဘွား သည်၂၀-၉-၂၀၀၃ရက်(စနေနေ့)နံနက် ၅:၀၅ နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)ညနေ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်အေးကျင်

(ဒိုက်ဦးမြို့၊ ဖအောင်ဝဲကျေးရွာ)

အသက်(၇၃)နှစ်

ဒိုက်ဦးမြို့၊ ဖအောင်ဝဲကျေးရွာနေ (ဦးသာချစ်)-(ဒေါ်ဖွားရွှေ)တို့၏သမီး၊ (ဦးအောင်သန်း)၏ဇနီး၊ဒေါ်မာလာရည်(အထက-၁၊ဒိုက်ဦးမြို့)၊ဒုတိယဗိုလ်မှူးကြီးချစ်ဦး(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်စကားဝါဝေ၊ ဦးဌေးလွင်-ဒေါ်ကြူကြူအောင်၊ ကိုသန်းထိုက် (E.O ကြယ်ငါးပွင့်)တို့၏ မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၂၀-၉-၂၀၀၃ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ဒိုက်ဦးမြို့ လက်ပံတန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးစောမင်း (သထုံ)

မြန်မာ့သစ်လုပ်ငန်း (S.T.B)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခုနစ်မိုင်၊ သီရိရိပ်သာလမ်း၊ အိမ်အမှတ် ၃၅ (ဒီ)နေ(ဦးဘမောင်-ဒေါ်အေးသင်၊ သထုံမြို့)တို့၏ သား၊ (ဦးရဲဒင်-ဒေါ်မိ)တို့၏ သားသမက်၊(ဒေါ်ခင်မိမိကြီး)၏ခင်ပွန်း၊ ဗိုလ်မှူးကျော်မင်း-(ဒေါ်ထားထား)တို့၏ ညီ၊ (ဗိုလ်မှူးကြည်ရင်)-ဒေါ်သန်းသန်း၊ (ဒေါ်သန်းသန်း)၊ ဒေါ်ညွန့်ညွန့်၊ ဒေါ်ခင်ခင်(သစ်လုပ်ငန်း)၊ (ဦးသိန်းလွင်)-ဒေါ်ယုယုဝေ၊ ဦးသန်းလွင်(ဗဟိုဝန်ထမ်းတက္ကသိုလ်) - ဒေါ်အေးအေးသီတို့၏ အစ်ကိုသည်၂၂-၉-၂၀၀၃ရက်(တနင်္လာနေ့) နံနက် ၇:၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့) ညနေ ၄:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဒေါ်သန်းကြည်

(ပဲခူး၊ ရွာသစ်)

အသက်(၇၆)နှစ်

ပဲခူးမြို့၊ ရွာသစ်နေ(ဦးအောင်သိန်း-ဒေါ်စောရင်)တို့၏ သမီး၊ (ဦးသာဒွန်း-ဒေါ်သိန်းချစ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၁၄၉/၂၊ ဗိုလ်တထောင်ဘုရားလမ်းနေ[ဗိုလ်ကြီးအုန်းဖေ(ငြိမ်း)]၏ဇနီး၊ (ဦးစိုးမြင့်)-ဒေါ်ခင်ထွေးတို့၏ အစ်မ၊ပဲခူးမြို့၊ တိုက် ၂၇/ ၄၊ ရှင်စောပုလမ်းနေ[ဦးသန်းထွန်း(ဒိုင်မှူး)]-ဒေါ်အေးအေးသန်း(အထပ၊ အထက၊ အင်းတကော်)၊ ရန်ကုန်မြို့နေ ဦးကျော်တင့်၊ ဒေါ်ဝင်းမာကြည်(ကထိက၊ သစ်တောတက္ကသိုလ်၊ရေဆင်း)၊ဦးမျိုးညွန့်(ဒုမြို့နယ်မှူး၊ငြိမ်း)-ဒေါ်သီတာချို၊ ဦးထွန်းထွန်းလွင်-ဒေါ်တင်မေသိန်း၊ဦးကိုကိုနိုင်တို့၏ မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၂၂-၉-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၄ နာရီတွင်ကွယ်လွန်ပါ၍ ၂၄-၉-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်မေစု(ခ)ဒေါ်စုစု

အောင်ဘာလေသိန်းဆုဌာန(ငြိမ်း)

အသက်(၇၆)နှစ်

(ဦးဘမောင်-ဒေါ်နှင်းသင်)တို့၏ သမီး၊ ဦးသာဒင်(နိုင်ငံ့ဂုဏ်ရည်၊မြဝတီ)-ဒေါ်အေးစန်းတို့၏ ညီမ၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၇၊ အခန်းအမှတ် ၃၀၄၊ ဟံသာရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါက်တာဝင်းနိုင်၊ ဒေါ်နီလာ(အမက-၁၀၊ ကမာရွတ်)၊ဒေါ်ခင်မာအေး၊ ကိုထင်ကျော်(ပြည်တွင်းရေကြောင်း)-မအေးအေး၊ ကိုမင်းထွေး(စီမံကိန်းရေးဆွဲရေး၊ဝန်ကြီးများရုံး)၊(မောင်ကျော်မောင်မောင်)တို့၏ မိခင်၊ မောင်စွမ်းပြည့်ဝင်းနိုင်(အထက-၂၊ ကမာရွတ်)၏အဘွားသည် ၂၂-၉-၂၀၀၃ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pa Pau Cin Thang

အသက်(၅၆)နှစ်

ချင်းပြည်နယ်၊တီးတိန်မြို့နယ်၊ထုတ်လိုင်ရွာ (Pu Son Kho Thang-Pi Sauom Za Cing)တို့၏သား၊ Nu Vang Kok၏ မောင်၊ ကလေးမြို့၊ ပင်လုံရပ်ကွက်နေ Pastor Ngul Khaw Pan - Nu Ciin Ngaih Man တို့၏သားသမက်၊ ကလေးမြို့ ပြည်သူ့ဆေးရုံမှ Sister Nian Man Cing၏ခင်ပွန်း၊ Tg Thang Mung, Tg Pau Biak Sang, Tg Pau Lam Khai တို့၏ဖခင်၊ Pa Sian Suan Pau (AE; MEPE) - Nu Thang Go Ning, Captain. Vial Khan Lun - Dr Thein Maw, Nu Cing Khan Nem (စိုက်/မွေ့)-Pa Vum kho Hau,Pa Tuan Khan Lian-Nu Don Khan Lun, Tg Kham Za Thawn,Nu Gin Lam Niang - Pa Thang Sian Mang, Tg Pau Suan Mung (ခေတ္တ-U.S.A),Nu cing Suan Dim-Pa Vung Khan Tung Nung, Pa Svan Lian Thang-Nu Zwn Nuam Lun တို့၏ အစ်ကိုသည် ၂၂-၉-၂၀၀၃ရက် နံနက် ၂ နာရီတွင် ကလေးမြို့ပြည်သူ့ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၉-၂၀၀၃ရက် ညနေ ၃ နာရီတွင် ကလေးမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊တံတိုင်း ဒါယိကာမ

ဒေါ်တင်ရွှေ (မော်လမြိုင်)

အသက်(၆၈)နှစ်

မော်လမြိုင်မြို့နေ (ဦးဘအုန်း-ဒေါ်သောင်းကြည်)တို့၏သမီး၊(ဦးအောင်သင်း-ဒေါ်သင်းရွှေ)တို့၏ ချွေးမ၊ရန်ကုန်မြို့၊ အမှတ် ၈-A၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးမြသောင်း၏ဇနီး၊ (ဦးလှကြည်)-ဒေါ်ဝင်းဝင်းဌေး(မင်္ဂလာဈေး)၊ ဒေါ်အေးအေးမြင့် (မြိုင်သဇင်အထည်ဆိုင်၊ ပ-၂၉၊ ၆၂၊ မင်္ဂလာဈေး)၊ မညွန့်ညွန့်ခိုင်၊ ကိုမြင့်ဆွေ-မမြသီတာခိုင်(မိုးသီဟပုဆိုးဆိုင်၊ မြေညီ-၉၁၊ မင်္ဂလာဈေး)၊ ကိုနေမျိုးသူ-မမြင့်မြင့်ဌေး(မူဆယ်)တို့၏မိခင်၊ မအိဖြူဖြူစင် [FP-1,IM(2)]၊ မောင်သီဟသွေး၊ မောင်ဖိုးလမင်းတို့၏အဘွားသည် ၂၀-၉-၂၀၀၃ရက် (စနေနေ့)ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Rev ဦးဒေးဗစ်ရွှေ

အသက်(၅၄)နှစ်

တောင်ကြီးမြို့နေ (Rev ဦးအားစီ)-ဒေါ်အေးစိန်တို့၏သား၊ ပြင်ဦးလွင်မြို့နယ်၊ ပိတောက်လမ်း၊ ရပ်ကွက်ကြီး (၆)၊အိမ်အမှတ် ၁၅၃/ခ နေ ဒေါက်တာနော်ဒယ်ဘီဝင်း၏ခင်ပွန်း၊ နော်ဂျူးဘလီထူး(ဆိဆိ)၊ နော်ဖဲရီထူးတို့၏ဖခင်သည် ၂၂-၉-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၉-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင် ကရင်နှစ်ခြင်း ဘုရားကျောင်းတွင် ဝတ်ပြုကိုးကွယ်ပြီး ရှစ်မိုင် ခရစ်ယာန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစောမင်း

(မြန်မာ့သစ်လုပ်ငန်း) S.T.B

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၃၅(ဒီ)၊ သီရိရိပ်သာလမ်း၊ ခုနစ်မိုင်နေ (ဦးဘမောင်-ဒေါ်အေးသင်)တို့၏သား၊ (ဦးရဲဒင်-ဒေါ်မိ)တို့၏သားသမက်၊ (ဒေါ်ခင် မိမိကြီး)၏ခင်ပွန်း၊ ဒေါက်တာခင်မောင်သွင်-ဒေါ်နွယ်နွယ်ဦး(ခေတ္တ-New Zealand)၊ ဦးစိုးပိုင်-ဒေါ်စောယုတင့်(ခေတ္တ-U.K)၊ ဦးမောင်မောင်ဇော်သိန်း-ဒေါ်မေညွန့်လွင်၊ ဦးမောင်မောင်ဇော်ဌေး၊ (ဦးခင်မောင်ချို)-ဒေါ်စောသန္တာ (တွဲဖက်ပါမောက္ခ၊ မအူပင် တက္ကသိုလ်)၊ဦးတင်ကိုအောင်-ဒေါ်စောစန္ဒာသွင် [(U.N) New York]တို့၏ဖခင်သည် ၂၂-၉-၂၀၀၃ရက်(တနင်္လာနေ့)နံနက် ၇:၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့)ညနေ ၄:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရှုကြည် (မအူပင်၊ ရေလဲ)

အသက်(၇၆)နှစ်

မအူပင်မြို့၊ (၄)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၁၆နေ (ဦးစစ်ဝါး-ဒေါ်ဥဏ်)တို့၏သမီး၊ (ဦးကျင်ဟင်း)၏ဇနီး၊ (ဦးတိတ်စိန်-ဒေါ်ကျင်မှုံ)၊ (ဦးတိတ်ဟို)-ဒေါ်အေးအေး၊ ဦးစီ၊ (ဒေါ်ရှုတီ)၊ ဦးအောင်သန်း-ဒေါ်နွဲ့နွဲ့ရီတို့၏ အစ်မ၊ ညီမ၊ ဒေါ်ရီရီမြင့်၊ ဦးတိုးအောင်တို့၏မိခင်သည် ၂၂-၆-၂၀၀၃ရက် နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ မအူပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီး မင်းကြည် (ငြိမ်း)

ကြည်-၅၆၀၂

နိုင်ငံ့ဂုဏ်ရည်-ပထမဆင့်

လွတ်လပ်ရေးမော်ကွန်းဝင်-ဒုတိယဆင့်

လသာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်

မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ နာယက

တောင်တွင်းကြီးမြို့နယ်အသင်း နာယက

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ ဘောက်ထော်၊ မာလာမြိုင်လမ်း၊ အမှတ် ၈ နေ ဒေါ်အုန်းရင်၏ခင်ပွန်း၊ ဦးဝင်းနိုင်အေး (Chief Officer, Maritime Support Shipping) - ဒေါ်ခင်ခင်စိုး၊ ဦးအောင်မိုးဟိန်း-ဒေါ်နုနု၊ ဦးအောင်မိုးမင်း(2nd Mate,Ray Shipping Co:)-ဒေါ်မြမြစိန်၊ ဦးအောင်ဇော်မင်း-ဒေါ်မေသန်းနွယ်၊ ဦးလှသမိန် (2nd Mate, Marina Shipping)-ဒေါ်အမာစိန်၊ဒေါ်အေးအေးမင်း၊ ဦးထူးမင်း-ဒေါ်လဲ့လဲ့တို့၏ ဖခင်၊ မြေး ၁၅ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် အထက်ပါနေအိမ်၌ ၂၂-၉-၂၀၀၃ရက်(တနင်္လာနေ့)နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ပိဋကတ်သုံးပုံ၊ရေတွင်းဒါယကာကြီး

ဦးသန်းထွန်း(ခ)ဦးကိုကိုကြီး

(ဖောင်တော်သီ)

(လဝက၊ငြိမ်း၊ကျောက်တံခါး)

အသက်(၇၂)နှစ်

ပဲခူးတိုင်း၊ ဖောင်တော်သီမြို့နယ်နေ (ဦးစံပွင့်-ဒေါ်အေးသိန်း)တို့၏ သား၊ ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက် ၃၇၁၊ အခန်း ၁၁နေ ဒေါ်မြမြသန်း၏ ခင်ပွန်း၊ ဦးခင်ညွန့်-ဒေါ်ခင်ညွန့်၊ ဦးလှရိန်-ဒေါ်ခင်အေး၊ ဦးစန္ဒိမာ(ဒေးစွန်ပါ)၊ ဦးအုန်းမြင့်-ဒေါ်မြသောင်း၊ ဦးတင်ထွဋ်-ဒေါ်ခင်သိန်းကြည်၊ ဦးစန်းမြင့်-ဒေါ်ကျင်ကျင်ဦး၊ ဦးသောင်းမြင့်-ဒေါ်ခင်နွဲ့တို့၏ အစ်ကိုကြီး၊မအေးအေးသန်း၊မစိုးစိုးသန်း၊ (Foster Home)၊ ကိုမိုက်ကယ်လ် (Saya Ni Co., Ltd.)၊ မငွေငွေသန်း (ခေတ္တ-စင်ကာပူ)၊ဦးကိုကိုဇော်(Total E.L.P.L)၊ မနီနီအောင်တို့၏ဖခင်၊ မောင်စိုးဝဏ္ဏ(အထက-၂၊ ဒဂုံ)၊ မနှင်းသီရိအောင်(အထက-၂၊ ဒဂုံ)၊ မသိမ့်နန္ဒာအောင်တို့၏အဘိုးသည် အထက်ပါနေအိမ်၌ ၂၁-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၀၃ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်ဇော် (ပုသိမ်)

အသက်(၇၀)

ပုသိမ်မြို့၊ ရွှေစည်းခုံလမ်းနေ (ဦးဘဂျမ်း-ဒေါ်ရှု)တို့၏သား၊ ရန်ကုန်မြို့နေ ဦးတင်ဦး-ဒေါ်စိန်စိန်တို့၏ညီ၊ ပုသိမ်မြို့၊ အမှတ် ၁၂၊ ဈေးဟောင်းလမ်းနေ ဒေါ်ရင်မေ(အထပြ၊ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာနေရည်ရည်လင်း(လက်ထောက်ဆရာဝန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့)၊ ဒေါ်ဖြိုးသိမ့်သီရိသွယ်[နည်းပြ၊အင်္ဂလိပ်စာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်မြို့]တို့၏ ဖခင်သည် ၂၀-၉-၂၀၀၃ရက်(စနေနေ့) ည ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၀၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် သစ်ညိုကြန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးဇော်

အငြိမ်းစား၊လ/ထအုပ်ချုပ်ရေးအရာရှိ ကုန်သွယ်ရေး(၁)

အသက်(၇၂)နှစ်

မန္တလေးမြို့နေ(ဦးသိန်း-ဒေါ်စက်မေ)တို့၏သားကြီး၊ ဦးတော်၊ဒေါ်နုနု၊ဒေါ်ရီရီတို့၏အစ်ကိုကြီး၊ အင်းစိန်မြို့၊ အနောက်ကြို့ကုန်းရပ်၊ ကြို့ကုန်းရိပ်သာ၊ တိုက် ၁၁/၄ နေ ဒေါ်တင်မေ (ငြိမ်း၊ T.T.C)၏ခင်ပွန်း၊ (ကိုမင်းဇော်)၊ ဒုတိယဗိုလ်မှူးကြီးတင်ဇော်၊ဒေါက်တာဒေါ်တင်တင်ထွေး၊ ဦးထွန်းဇော်၊ ဒေါ်နွဲ့နွဲ့ဝင်း (အထပြ၊T.T.C)၊ ဗိုလ်ကြီးအောင်ဇော် (ငြိမ်း၊ စေတနာဆေးကုခန်း)တို့၏ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၂၀-၉-၂၀၀၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးဇံ (စစ်တွေ)

အသက်(၆၈)နှစ်

စစ်တွေမြို့၊ လမ်းသစ်ရပ်နေ ကုန်သည် (ဦးစံထွန်းဦး-ဒေါ်မသာခိုင်)တို့၏ စတုတ္ထမြောက်သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၃၁၂ နေ ဦးတင်ဌေ (တိုင်းဦးစီးဌာနမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ငြိမ်း)၏ ဇနီး၊ (ဦးထွန်းဦးကျော်) - ဒေါ်စောကြည်၊ ဒေါ်စံရွှေမြ-(ဦးဘလှ)၊ ဒေါ်စံမိုးသာ-ဦးစံမြထွန်းတို့၏ညီမ၊ ဒေါ်အေးကျော့စိန်-ဦးထွန်းအောင်သာ၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ရီအေး၊ (ဦးအောင်မင်း)၊ ဒေါ်စံသိန်း - ဦးအောင်ကျော်သိန်း၊ ဦးအောင်မြသာ-ဒေါ်ဦးစောနု၊ ဦးအောင်သာပန်-ဒေါ်ဌေးဌေးသန်းတို့၏အစ်မ၊ တူ တူမ ၃၇ ယောက်တို့၏အဒေါ်သည် ၂၂-၉-၂၀၀၃ရက် နံနက် ၁၀:၃၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးကျော်ကျော်ဦး (ငြိမ်း)

(ခေတ္တရာကျော်ကျော်ဦး)

ဒု-ဦးစီးမှူး(စည်ပင်ဦးစီး၊ရုံးချုပ်)

အသက်(၄၇)နှစ်

ပဲခူးတိုင်း၊ မင်းလှမြို့နေ ဦးတင်မြင့်-ဒေါ်သန်းစိန်တို့၏သား၊ သထုံမြို့နေ (ဗိုလ်ကြီးရဲနီ)-ဒေါ်ခင်မြတို့၏ သားသမက်၊ ဒေါ်ခင်မေဦး၏ခင်ပွန်း၊ ဦးကိုလေး(ဦးစီးမှူး၊ရေအရင်းအမြစ်ဦးစီးဌာန)၏အစ်ကို၊ ပြည်မြို့ ဦးတင်မောင်ထွန်း-ဒေါ်တင်ဦး၏တူ၊ ဒုတပ်ကြပ်ဝင်းညွန့်(ကကပြည်)-မကေသွယ်ဦး၊ မစန္ဒာကျော်ကျော်၊ ဒုတပ်ကြပ် မင်းဇော်ဦး(မိတ္ထီလာမြို့) - မသီရိကျော်ကျော်၊ မအေးပရယ်ကျော်ကျော်၊ မောင်ဇာနည်ကျော်ကျော်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၁-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၀၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး

ဦးကျော်

နိုင်ငံခြားရေးဝန်ကြီးဌာန(အငြိမ်းစား)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၅ လမ်း၊ အမှတ် ၁၅၄ နေ ဒေါ်နှင်း၏ခင်ပွန်း၊ ကိုတင်မြင့် - မအေးအေးသန်း၊ မစီမာဝင်း၊ မဥမ္မာနှင်း၊ မောင်ထိန်ဝင်းအောင်၊ မစုစုလှိုင်တို့၏အဘိုးသည် ၂၀-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ရီ

(ပြွန်တန်ဆာမြို့၊ညောင်လေးပင်)

အသက်(၈၁)နှစ်

ပဲခူးတိုင်း၊ ပြွန်တန်ဆာမြို့၊ ရုံးပိုင်းနေ (ဦးဖြိုး-ဒေါ်လုံးတင်)တို့၏သမီး၊ညောင်လေးပင်မြို့၊ ရှမ်းရွာနေ (ဦးပန်းကျော်-ဒေါ်သင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ် ၁၀ နေ ဦးမောင်မောင်ကလေး (B.A, B.L၊ တရားရုံးချုပ်ရှေ့နေ)၏ဇနီး၊ ဦးတင်မောင်ဝင်း-(ဒေါ်စန်းစန်းရီ)၊ဦးစိန်သန်း-ဒေါ်ညွန့်ညွန့်ဝင်း၊ (ဦးအေးဝင်း)၊ ဦးဌေးဝင်း(ဖလမ်းခရိုင်၊ ဒု/ခရိုင် တရားသူကြီး)- ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးစိုးဝင်း(ကျန်းမာရေး၊ ဓာတ်ခွဲဌာန)၊ ဦးငွေဇင်-ဒေါ်ကေသီဝင်း၊ ဦးခင်မောင်သန်း-ဒေါ်ဥမ္မာဝင်းတို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် အထက်ပါနေအိမ်၌ ၂၁-၉-၂၀၀၃ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၀၃ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးချစ်ဆွေ

(မန္တလေးမြို့)

ကုန်တိုက်မန်နေဂျာ(ငြိမ်း)

အထွေထွေမန်နေဂျာ၊ ရွှေမိသားစုကုမ္ပဏီ

အသက်(၆၄)နှစ်

ပြည်မြို့ (ဦးသာဂေါင်း-ဒေါ်အုန်းလှ)တို့၏သားကြီး၊ သာစည်မြို့ ဦးအောင်ကြည်-ဒေါ်အေးတို့၏ သားသမက်၊ မန္တလေးမြို့၊ ၁၆ လမ်းနှင့် ၈၆ လမ်းထောင့်၊ ၅/၇ နေ ဒေါ်ခင်ခင်ဦး(မြသီရိရွှေဆိုင်၊ ဈေးချို၊ မန္တလေး)၏ ခင်ပွန်း၊ မောင်ရန်ရှင်းဆွေ (The Mix Co.,)၊ မဝင်းပပဦး (ရိုးမဘဏ်ပင်မ၊ မန္တလေးမြို့)၊မောင်အောင်အေးဆွေဦး(ရွှေမိသားစုကုမ္ပဏီ)တို့၏ ဖခင်၊ ဦးရွှေဝင်း-ဒေါ်သောင်းတင့်၊ ဦးမြင့်သိန်း-ဒေါ်သန်းရင်တို့၏အစ်ကိုကြီးသည် ၂၁-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၆၆၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မာလာစိုး(ခ)ဖြူဖြူ

(မြန်မာ့လေကြောင်း)

(ဗဟန်း)

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၁၇ နေ ဦးစိုးမောင်-(ဒေါ်မြသန်းဆွေ)တို့၏သမီး၊ ကိုခင်မောင်မြတ်-မစန္ဒာစိုးတို့၏ညီမ၊ကိုဇာလီစိုး၊ မသန်းသန်းဆွေတို့၏အစ်မ၊ တူ တူမ ခြောက်ယောက်တို့၏အဒေါ်၊ တိုက် ၄၊ အခန်း ၃၁၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဦးသန်းထွန်း၏ဇနီးသည် ၂၁-၉-၂၀၀၃ရက် မွန်းလွဲ ၂:၁၅ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အန္တိမအဂ္ဂိဈာပနအစီအစဉ်

ဘဒ္ဒန္တ ဇဝန

(ကြောင်ညှာကုန်းကျောင်းဆရာတော်)

သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၂)ဝါ

သာယာဝတီမြို့နယ်၊ ကြောင်ညှာကုန်းကျေးရွာ ကြောင်ညှာကုန်းကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ ဇဝန၏ အန္တိမအဂ္ဂိဈာပနအစီအစဉ်ကို ၁၃၆၅ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက် (၁၉-၉-၂၀၀၃ရက်) သောကြာနေ့ မွန်းလွဲ ၁၂:၁၅ နာရီတွင်ကျင်းပပြီး ဥဒကဈာပနသဘင်အား ၁၃၆၅ခုနှစ် တော်သလင်းလကွယ်နေ့ (၂၅-၉-၂၀၀၃ရက်) ကြာသပတေးနေ့တွင် ဆင်ယင်ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းအား အသိပေးထပ်မံအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ ကြောင်ညှာကုန်းကျောင်း၊သာယာဝတီမြို့နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

စစ်ကိုင်းတိုင်း တိုင်းဝန်ဆောင် ပင်လည်ဘူးမြို့နယ် မြို့နယ်သံဃနာယက(ဟောင်း)

ဘဒ္ဒန္တ ကောဝိဒ မဟာထေရ်

သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၄၈)ဝါ

စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့နယ်၊ မြေလင်းရွာ ကုသလရာမကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကောဝိဒ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်(၂၀-၉-၂၀၀၃ရက်) စနေနေ့ ညနေ ၃:၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ တော်သလင်းလပြည့်ကျော် ၁၄ ရက် (၂၄-၉-၂၀၀၃ရက်)တွင် နိဗ္ဗာန်ကျောင်းသို့ပင့်ဆောင် အပူဇော်ခံထားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဆရာတော်၏တပည့်များ(ရန်ကုန်)။

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်မြတင် (ဘွားလေးတင်)

(မုံရွာမြို့၊ သရက်)

အသက်(၁၀၀)

မုံရွာမြို့၊ ဝစ်စလီအထက်တန်းကျောင်းအုပ်ဆရာကြီး (ဦးလူကလေး-ဒေါ်ရွှေလဲ့)တို့၏ သမီး၊ (ဦးလှိုင်-ဒေါ်ထွေးမယ်)၊ (ဦးလှဖေ-ဒေါ်မမကြီး)၊ (ဒေါက်တာဦးဘကျော် - ဒေါ်ဒေါ်ရှင်)တို့၏ညီမ၊ ဒေါက်တာထွန်းရိန်-ဒေါ်မေရီဂျိန်း၊ (ဦးထွန်းညွန့်)-ဒေါ်ခင်မေလှိုင်၊ (ဦးဘရီ)-ဒေါ်ခင်မာမာ၊ (ဦးဇော်ဝင်း)-ဒေါ်ခင်ခင်အေး၊ ဦးကိုကိုလေး၊ ဦးတင်မြင့် - ဒေါ်ခင်မြင့်ကျော်၊ ဒေါက်တာကျော်မြင့်ကျော် - ဒေါ်စန်းစန်းတင်၊ (ဦးစန်းမြင့်)-ဒေါ်စန်းဝင်း၊ (ဦးကျော်ထွေး)-ဒေါ်နော်သိန်းရင်တို့၏ အဒေါ်၊ မြေး ၂၉ ယောက်၊ မြစ် ၃၂ ယောက်၊ တီ ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၉-၂၀၀၃ရက် နံနက်၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၁၊ ဦးစံညိမ်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြိုင်(ခ)ဒေါ်အုံးမြိုင်

(လှိုင်လင်)

အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ် ၁၀၁ (B)၊ ဓမ္မစေတီလမ်းနေ ဒုတိယဗိုလ်မှူးကြီးကံသိန်း(ငြိမ်း)-ဒေါ်ခင်လဲ့ဖြူ၊ ဦးတင့်ဝေ(ဒုအကောက်ခွန်မှူး)-ဒေါ်ခင်သွဲ့ဖြူတို့၏မိခင်၊ မဖြူဖြူတင့်ဝေ၊ မလဲ့ရည်မွန်ကံသိန်း၊ မောင်ရန်နိုင်ဝေ၊ မလဲ့ယုမွန်ကံသိန်း၊ မဝါဝါတင့်ဝေတို့၏ အဘွားသည် ၂၂-၉-၂၀၀၃ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် Y.M.C ဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၄-၉-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မခင်သန်းအောင် (စစ်တွေ)

(ပြည်ပကုန်သွယ်ရေးဌာန)

[ဗဟိုစာရင်းအင်းအဖွဲ့]

အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၄ လမ်း၊ အမှတ် ၃၆ နေ (ဦးစံရွှေအောင်၊ လ/ထညွှန်မှူး၊ ငြိမ်း၊ စစစ)-ဒေါ်ကျော့သိန်းတို့၏တစ်ဦးတည်းသော သမီးသည် ၂၂-၉-၂၀၀၃ရက် ညနေ ၅:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ပြီး မွန်းလွဲ ၂ နာရီတွင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊တန်ဆောင်း၊ ကျောင်းအမကြီး

ဒေါ်အေးကြည်(ခ) ဒေါ်အေးမြင့် (တွံတေး)

(ရုပ်ရှင်သရုပ်ဆောင်)

(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အဖွဲ့ဝင်၊ ကန်တော့ခံ)

အသက်(၈၄)နှစ်

တွံတေးမြို့နေ (ဦးထွန်းရင်-ဒေါ်မှန်)တို့၏သမီး၊ (ဦးတင်မောင်)၏အစ်မကြီး၊ (ဦးမောင်ငယ်၊ CIWE၊ မီးရထား၊ငြိမ်း)၏ဇနီး၊ ဦးမြမောင်-ဒေါ်နီနီအေး (အမေမေတ္တာစတိုး)၊ ဦးဇော်မိုးနိုင်-ဒေါ်မြတ်မြတ်ထွေး၊ (ဦးမျိုးမင်းသူ၊ မီးရထား၊ ငြိမ်း) - ဒေါ်နွယ်နွယ်လွင်(အမက-၃၊ တ/ဥ)၊ ဦးငွေသိန်း - ဒေါ်ခင်သိန်း (အောင်စတိုး)၊ ဦးအောင်နိုင်(အအေးခန်းအင်ဂျင်နီယာ)-ဒေါ်ခင်ခင်ထွန်းအေးတို့၏မိခင်၊ မြေး ၁၇ ယောက်၊ မြစ် ၁၅ ယောက်တို့၏အဘွားသည် ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်အမှတ် ၄၊ အခန်းအမှတ် ၂၁၀ နေအိမ်၌ ၂၁-၉-၂၀၀၃ရက် နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီး မင်းကြည် (ငြိမ်း)

ကြည်-၅၆၀၂

နိုင်ငံ့ဂုဏ်ရည်-ပထမဆင့်

လွတ်လပ်ရေးမော်ကွန်းဝင်-ဒုတိယဆင့်

လသာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်

မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ နာယက

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈ လမ်း၊ အမှတ် ၇၈ နေ ဒေါ်ကြည်ကြည်မင်း(သူနာပြုဆရာမ၊ ငြိမ်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)၏ ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမင်းကြည်(ငြိမ်း)သည် ၂၂-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြသွင်

အသက်(၅၂)နှစ်

(ဦးသိန်းလှ)-ဒေါ်လှသိန်းတို့၏သား၊ ဦးသိန်းညွန့်-ဒေါ်အေးမြင့်ရီ၊ ဦးမျိုးခင်-ဒေါ်ဌေးဌေးအောင်တို့၏ညီ၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းအေး၊ ဦးရွှေမော်-ဒေါ်စန်းစန်းရီတို့၏အစ်ကိုသည် ၂၁-၉-၂၀၀၃ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် မြန်မာနိုင်ငံ၏ ROAD MAP

ပထမအဆင့် - ၁၉၉၆ ခုနစ်မှစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။

ဒုတိယအဆင့် - အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။

တတိယအဆင့် - အမျိုးသားညီလာခံကြီးကချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း။

စတုတ္ထအဆင့် - ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း။

ပဉ္စမအဆင့် - ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း။

ဆဋ္ဌမအဆင့် - ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း။

သတ္တမအဆင့် - လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် အေးချမ်းသာယာပြီး ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင် မူဝါဒလမ်းစဉ်ခုနစ်ရပ် မိမိတို့လိုလားသည့်ပန်းတိုင်သို့ပို့ဆောင်နိုင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးကို မန္တလေးတိုင်း မန္တလေးမြို့ ဗထူးအားကစားကွင်း၌ကျင်းပရာ စစ်ကြောင်းများ တစ်ခဲနက်ချီတက်လာစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၏ တည်ဆောက်မှုစွမ်းအား (ဆည်မြောင်းတာမံများ)

ခေတ်ကာလ	တည်ဆောက်ခဲ့သောဆည်ပေါင်း
အနော်ရထာမင်းမှ ရှေးမြန်မာမင်းများလက်ထက်	ဆည်ပေါင်း (၁၀)ခု
ကိုလိုနီခေတ်	ဆည်ပေါင်း (၈)ခု
လွတ်လပ်ရေးရပြီးမှ ၁၉၆၂ခုနှစ်အထိ	ဆည်ပေါင်း (၅၁)ခု
လမ်းစဉ်ပါတီခေတ်မှ ၁၉၈၈ ခုနှစ်အထိ	ဆည်ပေါင်း (၆၉)ခု
စုစုပေါင်း	(၁၃၈)ခု

၁၉၈၈ ခုနှစ်မှ ယနေ့အထိ (၁၅)နှစ်တာကာလ	ဆည်ပေါင်း (၁၅၁)ခု
နိုင်ငံတော်ဘဏ္ဍာကျခံငွေ	ကျပ်သန်းပေါင်းခြောက်သောင်းကျော်
တည်ဆောက်ဆဲ	ဆည်ပေါင်း (၃၉)ခု
ဆက်လက်တည်ဆောက်မည့်စီမံကိန်း	ဆည်ပေါင်း (၈၄)ခု

ရှေ့ဖုံးမှ

လူထုအစည်းအဝေးမစတင်မီ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်ထွန်း ခေါင်းဆောင်သော ချမ်းအေးသာစံမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့်ပြည်သူများသည် အလံကိုင်အဖွဲ့ဝင်များနှင့် ဘင်ခရာအဖွဲ့ဝင်များဦးဆောင်လျက် သတ်မှတ်နေရာမှ ချီတက်လာကြပြီး ဗထူးအားကစားကွင်း အတွင်းသို့ အမှတ်(၁)ဝင်ပေါက်မှ စနစ်တကျဝင်ရောက်နေရာယူကြသည်။

ထို့အတူ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသောင်းဝေ ခေါင်းဆောင်သော အမရပူရမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့မှ အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ပြည်သူများသည် အလံကိုင်အဖွဲ့ဝင်များနှင့် ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်လျက် သတ်မှတ်နေရာမှ ချီတက်လာကြပြီး ဗထူးအားကစားကွင်းအတွင်းသို့ အမှတ်(၂)ဝင်ပေါက်မှ စနစ်တကျ ဝင်ရောက် နေရာယူကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

ယနေ့ထုတ်စောင်ရေ ၂၀၂၈၆၄

23-9 (20).p65 1 3/25/05, 8:24 PM